# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉) ၊ အမှတ်(၂၅၂)၊ ၁၃၈၈ ခုနှစ် ၊ ဝါခေါင်လဆန်း ၄ ရက် ၊ ၁၇-၈-၂၀၂၆၊ တနင်္လာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း မကွေးတိုင်းဒေသကြီးအတွင်းရှိ ယာယီရေဘေးရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုထောက်ပံ့အားပေး

မကွေး ဩဂုတ် ၁၆

မကွေးမြို့ပေါ်ရပ်ကွက်လေးခုနှင့် ကျေးရွာတစ်ရွာမှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၂၇ စုမှ လူဦးရေ ၅၂၅ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ငါးနှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့်အထက် သက်ကြီး ပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေများ၊ ခေါက်ဆွဲခြောက်၊ သောက်ရေသန့်နှင့် ကြက်ဥတို့ကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုနှင့်အတူ မြင်းကင်းကျေးရွာရှိ အလယ်ကျောင်းဓမ္မာရုံ ရေဘေးရှောင်စခန်း၌ ထောက်ပံ့ပေးအပ်ကြသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် မင်းဘူးမြို့ မှန်ကင်းကျောင်းတိုက်အတွင်းရှိ ရေဘေးရှောင်စုရပ်နေရာနှင့် ရှင်ပင်



ကြောင်လိမ်ဘုရား ရေဘေးရှောင်စုရပ်များသို့ သွားရောက်ကာ ရေဘေးသင့်ပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်ပင်များ စိုက်ပျိုးရေး၊ ရေကျသွားပြီးနောက် မိမိတို့၏ နေအိမ်များသို့ ပြန်လည်နေထိုင်ချိန်တွင် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေကောင်းရေသန့်အသုံးပြုနိုင်ရေး၊ မြွေ၊ ကင်းအစရှိသော အဆိပ်ရှိသတ္တဝါတို့၏ အန္တရာယ် သတိပြုကြရေး၊ ရေဝင်၍ ခေတ္တကျောင်းပိတ်ထားရသော မိမိတို့၏ ရင်သွေးငယ်များကို ကျောင်းနေပျော်၍ စာတော်သော၊ လိမ္မာယဉ်ကျေးသော လူချွန်လူမွန်များဖြစ်စေရေး ပြုစုပျိုးထောင်ပေးရန်တို့ကို မှာကြားပြီး ရေဘေးရှောင် စုရပ်နှစ်ခုရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၄၈၉ စု၊ လူဦးရေ ၁၉၈၂ ဦးတို့အတွက် ဆန်ရိက္ခာဖိုးနှင့် ငါးသေတ္တာဘူးများ၊ ရေဘေးသင့်ပြည်သူများအနက်မှ ကိုယ်ဝန်ဆောင်မိခင်များ၊ ၅ နှစ်အောက်ကလေးများ၊ အသက် ၇၀ နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များ၊ မသန်စွမ်းသူများအတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ထောက်ပံ့ငွေတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က ခေါက်ဆွဲခြောက်၊ ကြက်ဥနှင့် သောက်ရေသန့်တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ယနေ့ထောက်ပံ့မှုတန်ဖိုး စုစုပေါင်းမှာ ငွေကျပ် ၃၁၆ သိန်းကျော်ဖြစ်ကြောင်းနှင့် ၂၀၂၆ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့သော တိုင်းဒေသကြီး/ပြည်နယ် ကိုးခုရှိရေဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ငွေကျပ် သန်းပေါင်း ၂၉၀၀ ကျော် တန်ဖိုးရှိ ငွေနှင့် ပစ္စည်းများကို ထောက်ပံ့ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဆန်အရည်အသွေးကောင်းမွန်သည့် GW-11 မြန်မာ့ဆန်ကို ဖိလစ်ပိုင်နိုင်ငံက အဝယ်လိုက်၍ ဈေးအမြင့်ဆုံးရရှိနေ



ရန်ကုန် ဩဂုတ် ၁၆

မြန်မာ့ဆန်များကို ပြည်ပပို့ကုန်အဖြစ် နှစ်စဉ်တင်ပို့လျက်ရှိရာ ယခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့သည့် ဆန်အရည်အသွေး ကောင်းမွန်သော GW-11 မြန်မာ့ဆန်အား အဝယ်လိုက်မှုကြောင့် ဈေးအမြင့်ဆုံးရရှိနေကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

ဖိလစ်ပိုင်နိုင်ငံသို့ မြန်မာနိုင်ငံနည်းတူ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့က ဆန်တင်ပို့လျက်ရှိပြီး

စာမျက်နှာ ၃ သို့ ✹

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၁၆

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုး/ဓလ**

## ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဩဂုတ် ၁၆**

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဩဂုတ် ၁၈ ရက်မှ ၂၁ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေ ခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနိုင်ခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင် သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဓလ**

၂၀၂၆ ခုနှစ်၊ ဩဂုတ် ၁၇ ရက်၊ တနင်္လာနေ့။

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တောင်သူများအား ထောက်ပံ့ပေးလျက်ရှိ

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆန်စပါးစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ် ၂ ဒသမ ၅ သိန်း ထောက်ပံ့ပေးလျက်ရှိပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူများအတွက် ငွေကျပ်သိန်းပေါင်း ၅၆၀၀ ကို ပံ့ပိုးပေးမည်ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆန်စပါး ပြည်ပတင်ပို့ဇုန် (Rice Export Zone) များတွင် ပါဝင်သည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ်၊ ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးရှိ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO Group) ၏ ဆန်စက်နှင့် ဖွဲ့နှဆီစက်နေရာ၌ ကျင်းပပြီး အခမ်းအနားတွင် ဒုတိယဝန်ကြီးများနှင့် ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မြို့နယ် ငါးမြို့နယ်မှ ကျေးရွာ ၁၀ ရွာရှိ တောင်သူ ၅၂၂ ဦး၏ စိုက်ဧက ၂၈၀၀ အတွက် စိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၅၆၀၀ နှင့် နေပြည်တော်ကောင်စီဝင်များက အစေ့ချစက် (Seeders) များကို ပေးအပ်ခဲ့ကြသည်။

စိုက်ပျိုးစရိတ်ပေးအပ်ပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း က ပြည်ပဈေးကွက် လိုအပ်သည့် အရည်အသွေးမြင့်ဆန်များ ထုတ်လုပ်နိုင်ရန်၊ တောင်သူများ၏ အထွက်နှုန်းနှင့် ဝင်ငွေ တိုးတက်စေရန်၊ မြန်မာ့ဆန်တင်ပို့မှုတိုးမြှင့်ပြီး နိုင်ငံခြားဝင်ငွေရရှိစေရန်နှင့် စိုက်ပျိုးခြင်းမှစတင်ကာ ကြိတ်ခွဲခြင်း၊ သိုလှောင်ခြင်း၊ တင်ပို့ခြင်းအထိ စနစ်တကျချိတ်ဆက်နိုင်သော Value Chain ကို ဖွံ့ဖြိုးစေရန်ရည်ရွယ်၍ ဆန်စပါးတင်ပို့မှုဇုန် (Rice Export Zone) များ ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက အမှာစကားပြောကြားသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြား၍ မြန်မာနိုင်ငံလယ်ယာစီးပွားရေး အများပိုင်ကုမ္ပဏီလီမိတက် (MAPCO Group) ဥက္ကဋ္ဌ ဦးရဲမင်းအောင်က လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြခဲ့သည်။

တောင်သူများကိုယ်စား တောင်သူတစ်ဦးက ဆန်စပါးထုတ်လုပ်တင်ပို့ရောင်းချမှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ကြုံတွေ့ရသည့်အခက်အခဲများကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများက ဖြေရှင်းဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တက်ရောက်လာကြသူများက စက်ရုံပြခန်းများ၊ လယ်ယာသုံးကိရိယာပြခန်းများ၊ သွင်းအားစုပြခန်းများနှင့် တန် ၂၄၀ ဆန်စက် ပြန်လည်ပြုပြင်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် အထောက်အကူပြုရန် လိုအပ်လျက်ရှိသော လူ့စွမ်းအားအရင်းအမြစ်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ထောက်ပံ့ပေးလျက်ရှိရာ တောင်သူများအနေဖြင့် ဈေးကွက်ကို အမိအရချိတ်ဆက်နိုင်ပြီး အရည်အသွေးကောင်း၊ အထွက်နှုန်းကောင်း မျိုးကောင်းမျိုးသန့်များကိုရှာဖွေ၍ စနစ်တကျ စိုက်ပျိုးကာ တစ်ဧကအထွက်နှုန်းတိုးမြင့်ရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ရေးသားလိုက်ရပေသည်။

## မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှု တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

**မိတ္ထီလာ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်အတွင်းရှိ မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း ကတ္တရာချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်း၊ မိတ္ထီလာခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ဦးသိန်းဝင်း၊ မိတ္ထီလာမြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ(မြို့ပြ)တို့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေ ကျပ်သန်း ၃၁၄ ဒသမ ၅၈၀ ဖြင့် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မန္တလေးလမ်းမှ ရိုးကန်-ကန်သာလမ်း အကျယ် 0.86 km ရှိ ကတ္တရာလမ်းချဲ့ခြင်းလုပ်ငန်းအား ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (၄၆၉)

## အရေးအဖတ်-အသိအလိမ္မာ ရက်တိုသင်တန်းဖွင့်လှစ်

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပြည်ကြီးတံခွန်မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ အ.ထ.က အမှတ်(၂၅)ခွဲကျောင်းတွင် ယမန်နေ့မွန်းလွဲ ၁နာရီက "အရေးအဖတ်-အသိအလိမ္မာ" ရက်တိုသင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်သန်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းနည်းပြ ပြည်ကြီးတံခွန်မြို့နယ်မှ စာရေးဆရာ၊ စာရေးဆရာမများမှ မိမိတို့တာဝန်ယူထားသော "အရေးအဖတ်-အသိအလိမ္မာနှင့်စပ်လျဉ်းသည့် စာစီစာကုံး၊ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး၊ ဂီတ၊ မှုခင်း အခြေခံသိကောင်းစရာအဖြာဖြာကို ထိရောက်စွာ ပို့ချပေးခဲ့ကြသည်။

ထိုသို့သင်ကြားပေးမှုတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သီတာသိင်္ဂီဌေးနှင့်တကွ တာဝန်ကျဆရာ၊ ဆရာမများမှ ကြီးကြပ်ပေးခဲ့ကြသလို သင်တန်းတက်ရောက်သူ ကျောင်းသား၊ ကျောင်းသူဦးရေ စုစုပေါင်း(၂၀၀)ဦးမှ စည်းကမ်းတကျစိတ်ပါဝင်စားစွာ တက်ရောက်သင်ကြားခဲ့သည်။



ထို့နောက် ညနေ ၃ နာရီခွဲ သင်တန်းအပြီး ပြည်ကြီးတံခွန်မြို့နယ် စာရေးဆရာအသင်းမှ သင်တန်းနည်းပြ စာရေးဆရာ၊ စာရေးဆရာမများကိုယ်တိုင် သင်တန်းဆင်းလက်မှတ်များ ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ အဆိုပါ ရက်တိုသင်တန်း နည်းပြစာရေးဆရာ၊ စာရေးဆရာမများမှာ ခေတ္တရာသန်းမြင့်၊ ကချင်မြေကျော်ကြီး၊ သင်းသင်း(မန္တလေး)၊ လှမျှင်း(မန်းတက္ကသိုလ်)၊ ယဉ်မွန်အောင်(မန္တလေး)၊ မြနန္ဒာဉာဏ်ဝေ တို့ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၆၁)

## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မြို့နယ်အဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၊ နဝဒေးခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်၊ မြို့နယ်အဆင့်ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်ဇင်လင်းနှင့်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သီတာဌေးနှင့် ကျောင်းအုပ်ကြီးများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အခြေခံပညာကျောင်းနှင့်ကိုယ်ပိုင်ကျောင်းများမှ တာဝန်ရှိသူများ၊ ဆုရ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ (ဝဲပုံ)



ရှေးဦးစွာ အောင်မြေသာစံမြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခန့်သွင်က အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ကျောင်းကျန်းမာရေးသီတင်းပတ် အသိပညာပေးပြခန်းငယ်အား လှည့်လည်ကြည့်ရှုကြပြီး အသက်ငါးနှစ်အောက်ကလေးများအား ဗီတာမင်-အေဆေးလုံးတိုက်ကျွေးခြင်း၊ Grade(2), Grade(3) ကျောင်းသား၊ ကျောင်းသူများအား သန်ချဆေး (Albendazole) 400mg တိုက်ကျွေးခြင်း၊ Grade(6), Grade(7) အလယ်တန်းဆင့် ပျိုဖော်ဝင်မိန်းကလေးများအား သံဓာတ်အားဆေးပြား တိုက်ကျွေးခြင်းများ ဆောင်ရွက်ကြကာ အမှတ်တရလက်ဆောင်များနှင့် အဟာရအားဖြည့်အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လူငယ်တွေ ပညာတတ်ဖြစ်အောင်လုပ်၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်၊ အပျော်အပါးတွေလျှော့

**လူငယ်တွေအနေနဲ့ ပညာရေးမှာ ကြိုးစားကြပြီး ပညာတတ်တွေဖြစ်အောင်လုပ်ကြဖို့၊ စည်းကမ်းနဲ့ပတ်သက်ပြီး သိရှိအောင်လုပ်ကြဖို့၊ ကြိုးစားအားထုတ်ကြဖို့ လိုပါတယ်။ နောက်ပြီး အပျော်အပါးတွေ လျှော့စေချင်တယ်။ လူငယ်တွေ ကြိုးစားစေချင်တယ်။ တိုင်းပြည်အတွက် အလားအလာတွေ အများကြီးရှိပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၁-၇-၂၀၂၆ ရက်နေ့တွင် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့သို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက် (၁၀၀)ပြည့် အခြေပြမိန့်ခွန်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုများအပေါ် ဖြေကြားချက်မှ ကောက်နုတ်ချက်)*

## အမျိုးသမီးဘောလုံးအကယ်ဒမီ(မန္တလေး)ကျောင်းမှ အမျိုးသမီးကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်



မန္တလေး ဩဂုတ် ၁၆

ချမ်းမြသာစည် မြို့နယ်ရှိ အမျိုးသမီးဘောလုံး အကယ်ဒမီ (မန္တလေး)ကျောင်းတွင် Grade – 5 မှ Grade – 9 အထိ ကျောင်းသူ ၅၁ ဦး လက်ခံသင်ကြားပေးလျက်ရှိပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်မှပံ့ပိုးမှု၊ မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် သင်တန်းကျောင်းကို စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်၍ အသက် သတ်မှတ်ချက်အရ U-12/U-13 တွင် အားကစားသမား ၂၅ ဦးနှင့် U-14/U-15 တွင် အားကစားသမား ၂၆ ဦး စုစုပေါင်း ၅၁ ဦး သင်ကြားပေးလျက်ရှိကြောင်းသိရကာ ကျောင်းသူ အားကစားသမား ၅၁ ဦးအတွက် ကျောင်းဝတ်စုံနှင့် အားကစားဝတ်စုံများကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခင်က ယနေ့တွင် ထောက်ပံ့ပေးအပ်သည်။

အဆိုပါ ကျောင်းခန်းမ၌ အမျိုးသမီးရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခင်၊ မန္တလေးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် တာဝန်ရှိသူများက အားကစားသမားများနှင့်တွေ့ဆုံစဉ် ထိုသို့ ထောက်ပံ့ပေးခဲ့ခြင်းဖြစ်ပြီး ကျောင်းအတွင်း လှည့်လည် ကြည့်ရှုကြသည်။

ကျောင်းသူများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်သည့် အမျိုးသမီးဘောလုံး အကယ်ဒမီ၌ တက်ခွင့်ရသည့် အားကစားသမားများဖြစ်သည့်အတွက် မြန်မာ့အမျိုးသမီးဘောလုံး အားကစားကို တိုးတက်အောင်ကြိုးစားအားထုတ်စေလိုပါကြောင်း၊ အကယ်ဒမီကျောင်းသည် ပညာရေးနှင့် အားကစားနှစ်ခုလုံးကိုအဓိကထား ဆောင်ရွက်ပေးသည့် အတွက် အားကစားတွင်သာမက ပညာရေးတွင်လည်း ထူးချွန်စေလိုပါကြောင်း၊ နိုင်ငံတော်က အားကိုးရသည့် အမျိုးသမီးဘောလုံးအားကစားသမားများ ပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

✹ ဆန်အရည်အသွေးမှ

မြန်မာနိုင်ငံမှ GW-11 အမျိုးအစားဆန်ကို အများဆုံးမှာယူမှုသည် ဆန်ကြိတ်ခွဲမှုနည်းပညာပိုင်းဆိုင်ရာထက် ဆန်မျိုးစိတ်အရည်အသွေး ကောင်းမွန်မှုတို့ကြောင့် ဈေးကောင်းပေးဝယ်ယူခြင်းဖြစ်သည်။

"ပြည်ပပို့ကုန်ဆန်တင်ပို့ရာမှာ ဖိလစ်ပိုင်နိုင်ငံက GW-11 အဝယ်လိုက်နေတဲ့အတွက် လေးလအတွင်း တန်ချိန် ရှစ်သိန်းကျော် ပို့ပြီးပါပြီ။ ဖိလစ်ပိုင်ကိုဆန်တင်ပို့တဲ့ နိုင်ငံတွေထဲမှာ မြန်မာနိုင်ငံက ဈေးအမြင့်ဆုံး ရနေပါတယ်။ တစ်ကြိမ်မှမရဘူးတဲ့ အမြင့်ဆုံးဈေးပါ။ သူတို့က GW-11 ဆန်ရဲ့အရည်အသွေးထက် ဆန်မျိုးစိတ်ကို ပိုပြီးနှစ်ခြိုက်တာကြောင့် အဝယ်လိုက်တာပါ။ ဖိလစ်ပိုင်နိုင်ငံက ပိုပြီးဝယ်ယူတာကြောင့် ဧရာဝတီတိုင်းဒေသကြီးမှာစိုက်ပျိုးသလို အခြားဒေသတွေမှာလည်း သီးသန့်စိုက်ခင်းတွေစိုက်ပျိုးပြီး မျိုးစိတ်အရည်အသွေးကို ဆက်လက်ထိန်းသိမ်းသွားဖို့လိုပါတယ်။ ဖိလစ်ပိုင်နိုင်ငံက GW-11 ဆန်ကို ဗီယက်နမ်ကနေ အဝယ်များပေမယ့် မြန်မာနိုင်ငံကပိုမှာယူပြီး ထိုင်းနိုင်ငံထက် ဈေးပိုပေး အဝယ်လိုက်တာဟာ နိုင်ငံအတွက်လည်း အားရဂုဏ်ယူစရာပါ" ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ စီမံခန့်ခွဲရေးကော်မတီဝင် ဦးစိုင်းကျော်က ပြောသည်။

ဖိလစ်ပိုင်နိုင်ငံသို့ GW-11 ဆန်တင်ပို့ရာတွင် ထိုင်းနိုင်ငံက တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၄၈၀ ရရှိနေပြီး မြန်မာနိုင်ငံမှ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၈၀ ရရှိသည်။ မြန်မာနိုင်ငံမှ ပြည်ပသို့ ဧပြီလမှ ဩဂုတ်လအထိ ဆန်တန်ချိန် ရှစ်သိန်းကျော် တင်ပို့ထားပြီး ဘယ်လ်ဂျီယံနိုင်ငံသို့ဆန်ကွဲအများဆုံးတင်ပို့ခဲ့ကာ ဆန်တန်ချိန် ငါးသန်းဝယ်ယူရန်ပြင်ဆင်နေသည့် ဖိလစ်ပိုင်နိုင်ငံသို့ GW-11 ဆန်များ ဆက်လက်တင်ပို့လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီးမှ GW-11 ဆန်များကို ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ချိန်တွင် ဈေးအသင့်အတင့်ရခဲ့ပြီး ယခုလပိုင်းအတွင်း ဝယ်လိုအားကောင်းမှုကြောင့် မန္တလေးတိုင်းဒေသကြီးမှ ထွက်ရှိသည့် GW-11 ဆန်များ ဈေးကောင်းရလျက်ရှိသည်။ GW-11 မြန်မာ့ဆန်ကို ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံသို့တင်ပို့ခဲ့ပြီး ၂၀၂၆ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသို့ စတင်တင်ပို့ခဲ့ရာမှ ထိုဆန်ကို နှစ်ခြိုက်လာမှုကြောင့် မှာယူမှုများလာခြင်းဖြစ်ကြောင်းသိရသည်။ ဓာတ်ပုံ – ကနူး- ညီမိုးသူ(သတင်းစဉ်)

## ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မြို့နယ် ၆ မြို့နယ်ရှိ ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ ရေဝင်ရောက်မှုဖြစ်ပွား၊ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိ



နေပြည်တော် ဩဂုတ် ၁၆

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အတွင်းပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ် ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှု စတင်ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက် ၅ ခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ သိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၅ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား အရေးပေါ် ကူညီကယ်ဆယ်နိုင်ရေးအတွက် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရှာဖွေကူညီကယ်ဆယ်ရေး၊ စားနပ်ရိက္ခာစားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်းနှင့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာသုံး အင်ဂျင်နီယာဆိုင်ရာ တားဆီးမှုများဖြစ်သည့် Geobags (သဲအိတ်ကြီးများ)ချခြင်း၊ မျောထုတ်တန်းများအတွင်း သဲအိတ်များ ဖြည့်၍ကာကွယ်ခြင်းနှင့် Steel Sheet Pile (သံမဏိတိုင်များ) ရိုက်သွင်းခြင်း စသည့် ငဝန်ပန်းတာတမံနိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို စက်ယန္တရားများနှင့် လုပ်အားစုများ အသုံးပြု၍ အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှု တားဆီးကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**သန့်ရှင်းစိမ်းလန်းသော အနာဂတ်ဖြစ်စေဖို့ စွန့်ပစ်ပစ္စည်းများကို ပြန်လည်ပြုပြင်သုံးစွဲစို့။**

# အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်မည်

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝန်ထမ်းများ၏ စစ်ဆေးရေးအရည်အသွေးနှင့် ရုံးလုပ်ငန်းစီမံခန့်ခွဲမှုစနစ် ပိုမိုတိုးတက်ကောင်းမွန်စေရေး၊ အခြားဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဝန်ထမ်းများ၏ စာရင်းပညာဆိုင်ရာအသိပညာနှင့် လက်တွေ့ကျွမ်းကျင်မှုတိုးတက်စေရေးအတွက် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (မန္တလေး) တည်ဆောက်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းက ကျင်းပသည့် အဆိုပါသင်တန်းကျောင်း ပန္နက်တင်မင်္ဂလာအခမ်းအနားမှ သိရသည်။





ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း၊ နေပြည်တော်နှင့်ရန်ကုန်ကိုဖွင့်လှစ်၍ နိုင်ငံ၏ စာရင်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အချင်းပြည့်မီသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုပေါ်ထွန်းလာစေရန် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိပြီး ယခုတည်ဆောက်မည့် အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း (မန္တလေး) သည် တတိယမြောက်ဖွင့်လှစ်သည့် သင်တန်းကျောင်းဖြစ်ကာ ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါ်နိုင်သက်ဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်တို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်သည် စစ်ကိုင်းမြို့ အသခ်ယာဉ္ဈေဿရိပ်သာ၌ စစ်ကိုင်းတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ စစ်ကိုင်းနှင့် မုံရွာခရိုင်/ မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံး ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့နံနက်ပိုင်းကလည်း မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး၌ မန္တလေးတိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ခရိုင်/မြို့နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ စစ်ဆေးရေးလုပ်ငန်းသည် ပြည်သူ့ဘဏ္ဍာငွေများ စနစ်တကျသုံးစွဲနိုင်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်လာရေးအတွက် အရေးပါသည့်လုပ်ငန်းဖြစ်သဖြင့် အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးဆောင်ရွက်ရန်၊ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် လုပ်ငန်းတာဝန်များကို ထိရောက်စွာဆောင်ရွက်ရန်၊ ခေတ်စနစ်နှင့် လျော်ညီသည့်စာရင်းပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာသင်ယူရန် မှာကြားသည်။

ဆက်လက်၍ လိုက်နာဆောင်ရွက်မှုစစ်ဆေးခြင်း (Compliance Audit) ကို စနစ်တကျ၊ အရည်အသွေးပြည့်ဝစွာဖြင့် ထိရောက်စွာ ဆောင်ရွက်နိုင်စေရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးစီမံကိန်း စာရင်းစစ်ဆေးခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ စစ်ဆေးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေး စီမံကိန်းစာရင်းစစ်ဆေးခြင်းဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးနှင့် ခရိုင်/ မြို့နယ် စာရင်းစစ်ရုံးဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ရလဒ်အနေဖြင့် Audit Plan ရေးဆွဲရာတွင် စံသတ်မှတ်ချက်များ (Criteria) နှင့်အညီ Risk ဧရိယာများကို ဖော်ထုတ်၍ အန္တရာယ်မြင့်မားသော နယ်ပယ်များကို အဓိကထား စစ်ဆေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# အများပြည်သူသို့ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်ရည်ရွယ်ပြီး မွန်းလွဲပိုင်း ဝန်အားသုံးစွဲမှုများပြားသည့် စက်မှုလုပ်ငန်းကြီးများကို ဓာတ်အားခလျှော့ချပေး၍ ညပိုင်းအချိန်များသို့ ပြောင်းရွှေ့ဓာတ်အားသုံးစွဲနိုင်မည့်အစီအစဉ်အား အသိပေးကြေညာခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် နိုင်ငံတော်အတွင်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးရာတွင် အများပြည်သူနှင့် စက်မှု/စီးပွားရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဓာတ်အားရရှိစေရေးနှင့် ဓာတ်အားစနစ် တည်ငြိမ်မှုရှိစေရေးတို့အတွက် ပြုပြင်ပြောင်းလဲမှုများကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာ မိုးရာသီကာလများတွင် ရေဝင်ရောက်မှု ကောင်းမွန်သောကြောင့် ရေအားလျှပ်စစ်ဓာတ်အား ပေးစက်ရုံများမှ အပြည့်အဝ ဓာတ်အားထုတ်လုပ်ပေးနိုင်သော်လည်း မဟာဓာတ်အားလိုင်းများ၏ ပို့လွှတ်နိုင်စွမ်း ကန့်သတ်ချက်များရှိနေခြင်းကြောင့် လျှပ်စစ်ဓာတ်အားအသုံးများသည့် နေ့အချိန်ပိုင်းတွင် အချိန်ပိုင်း လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ညဥ့်နက်ပိုင်းအချိန်တွင်မူ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ လွန်စွာလျော့နည်းသွားသဖြင့် ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုကို လျှော့ချမောင်းနှင်ပေးရသည်ဖြစ်ရာ မိုးရာသီကာလတွင် ရေစွမ်းအင်များ ပြန်းတီးနေသည့်အပြင် ရေအားလျှပ်စစ်ထုတ်လုပ်သည့် တမံကြီးများတွင် ရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိနေပါသည်။

၃။ သို့ဖြစ်ပါ၍ ပထမအဆင့်အနေဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု ပမာဏများပြားသည့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုလုပ်ငန်းများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် အချက်များနှင့် ပြည့်စုံပါက နေ့စဉ် ညပိုင်း ၂၃:၀၀ နာရီမှ နောက်တစ်နေ့ နံနက် ၅:၀၀ နာရီအထိ အချိန်ကာလအတွင်း တစ်ယူနစ်လျှင် မူလကျပ် ၉၀၀ နှုန်းမှ ၆၀၀ ကျပ်နှုန်းသို့ လျှော့ချ၍ ဓာတ်အားရယူသုံးစွဲခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၄။ ထိုသို့ဆောင်ရွက်နိုင်ခြင်းဖြင့် မိုးရာသီကာလအတွင်း အချိန်နှင့်အမျှ ဆုံးရှုံးနေသည့် ရေများမှ နိုင်ငံတော်အတွက် ဝင်ငွေရရှိလာခြင်း၊ ဓာတ်အားစနစ်တည်ငြိမ်မှုရှိလာခြင်း၊ သတ်မှတ်ချက်နှင့်ကိုက်ညီပြီး ဆန္ဒရှိသည့် စက်မှုလုပ်ငန်းကြီးများသည် ညဘက်သို့ပြောင်းရွှေ့လုပ်ငန်းဆောင်ရွက်ခြင်းကြောင့် နေ့ပိုင်းတွင် လျှပ်စစ်မီးသုံးစွဲသူပြည်သူများသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ခြင်း၊ စက်မှုလုပ်ငန်းရှင်များအနေဖြင့်လည်း ထုတ်လုပ်မှုကုန်ကျစရိတ် လျှော့ချနိုင်ခြင်းစသည့် သုံးဦးသုံးဖလှယ် အကျိုးကျေးဇူး ရရှိစေမည်ဖြစ်ပါသည်။

၅။ နိုင်ငံတကာတွင် Smart Grid စနစ်ကို အသုံးပြုနေကြသဖြင့် ယခုကဲ့သို့ အချိန်ဖြင့် ဓာတ်အားခကောက်ခံသည့် (Time of Use-TOU) ကို အသုံးပြုနေကြပြီဖြစ်ရာ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိအခြေအနေပေါ်တွင် မူတည်၍ ပထမအဆင့်အနေဖြင့် စတင်စမ်းသပ်ဆောင်ရွက်ခြင်းဖြစ်၍ မိဘပြည်သူများအနေဖြင့် နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အပြုသဘောဖြင့် အကြံဉာဏ်များပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် ကူညီကြပါရန် အသိပေးကြေညာ မေတ္တာရပ်ခံအပ်ပါသည်။

၆။ သိရှိလိုသည်များကို မေးမြန်းလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

(က) လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးချုပ်
(၀၉-၄၅၀၅၄၁၂၀၀)

( ခ ) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(၀၉-၄၂၈၃၀၄၂၀၃)(၁၇၁၇)

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်း မိဘ၊ဆရာတွေ့ဆုံဆွေးနွေးပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၊ နန်းရှေ့၊ ၂၂ လမ်း၊ ၆၃လမ်းနှင့် ၆၄လမ်းကြားရှိ မုဒိတာကိုယ်ပိုင်အထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ ပညာထူးချွန်အောင်မြင်စေရန်အတွက် မိဘ၊ ဆရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တိုးက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး လက်ရှိတက်ရောက်ပညာသင်ကြား နေကြသော ကျောင်းသား၊ ကျောင်းသူများ၏ သင်ယူမှုရလဒ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကျောင်းတည်ထောင်သူ ဦးဝင်းနိုင်က ကျောင်းပညာရေးမျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူ မိဘများက သိလိုသည့်အချက်များကို မေးမြန်းဆွေးနွေးကြရာ ကျောင်းတည်ထောင်သူ ဦးဝင်းနိုင်၊ ဒါရိုက်တာအဖွဲ့ဝင် ဦးဝင်းအောင်၊ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တိုးတို့က ပြန်လည်ဖြေကြားဆွေးနွေးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။



PNT

## ရေဝင်ရောက်သည့်ကျေးရွာများသို့ သွယ်တန်းထားသည့် ဓာတ်အားလိုင်းများ ကွင်းဆင်းစစ်ဆေး

**အမရပူရ ဩဂုတ် ၁၆**

အမရပူရခရိုင်၊ အမရပူရမြို့နယ်၌ဧရာဝတီမြစ်ရေကြီးမှုကြောင့်ရေဝင်ရောက်သည့် ကျေးရွာများနှင့် အမရပူရမြို့နယ် ၃၃/၁၁ကေဗွီ ဓန်းဓာတ်အားလိုင်းခွဲရုံမှ ဧရာဝတီတံတားနှင့် ယုဉ်လျက်ပလိပ်မြို့သို့ သွယ်တန်းထားသည့်၁၁ကေဗွီမြောက်ကိုင်းဖီဒါမြစ်ငယ်တံတားအနီး ၁၁ကေဗွီ ဓာတ်အားလိုင်း ဧရာဝတီမြစ်ရေမျက်နှာပြင်နှင့် ထိစပ်နေသည့် အခြေအနေအား ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မန္တလေးလျှပ်စစ်ဓာတ်အားကော်ပိုရေးရှင်းမှ အမှုဆောင်အရာရှိချုပ်၊ မြို့နယ်လျှပ်စစ်မန်နေဂျာနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်လျှပ်စစ်မန်နေဂျာရုံးအနေဖြင့် ရေဝင်ရောက်နေသည့်ကျေးရွာများတွင် လျှပ်စစ်မီးအန္တရာယ်ကင်းရှင်းစေရန် အတွက်ဓာတ်အားလိုင်းများနှင့် ဓာတ်ခွဲရုံများအား လိုက်လံစစ်ဆေးခြင်း၊ ယာယီဓာတ်အားပိတ်ခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းသိရသည်။

လဲ့လဲ့နိုင်



## မြစ်သား အ.ထ.ကကျောင်း၏ (၇၅)နှစ်ပြည့် အထိမ်းအမှတ်စိန်ရတုမော်ကွန်းစာစောင် စာအုပ်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပ

**မြစ်သား ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက် ၉ နာရီက မြစ်သား အ·ထ·ကကျောင်း၏ (၇၅)နှစ်ပြည့် အထိမ်းအမှတ်စိန်ရတုမော်ကွန်းစာစောင်မိတ်ဆက်ပွဲ အခမ်းအနားကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးပြား (တမ္ပဝတီလူထူးကဲ)က မြစ်သား အ·ထ·ကကျောင်း၏ (၇၅)နှစ်ပြည့်အထိမ်းအမှတ်စိန်ရတုမော်ကွန်းစာစောင် မိတ်ဆက်ပွဲအခမ်းအနားနှင့်ပတ်သက်၍ စာစောင်ကို ရေးသားထုတ်ဝေရသည့် အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြစ်သား အ·ထ·က ကျောင်း ကျောင်းအုပ်ဆရာမကြီး၊ ဒေါ်အေးသီတာက၊ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ ဦးပြား (တမ္ပဝတီလူထူးကဲ)က အ·ထ·က ကျောင်း၏ (၇၅) နှစ်ပြည့် အထိမ်းအမှတ် စိန်ရတုမော်ကွန်းစာစောင် ၁၀၀ လှူဒါန်းခဲ့ပြီး တက်ရောက်လာသော စာရေးဆရာများက မှတ်တမ်းစကားပြန်လည်ပြောကြားခဲ့ကြသည်။



စာစောင်မိတ်ဆက်ပွဲအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် စာရေးဆရာများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာအောင်နှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ဝါဝါမြင့်(မြစ်သား)

ဝ-ဝ-ဝ-ဝ-ဝ



## မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေး

**မန္တလေး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ သီလရက္ခိတမ္ဘောရုံ ရှိ ဒေသခံပြည်သူများအား ယနေ့ နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံနယ်လှည့် ဆေးကုသရေးအဖွဲ့က သွားရောက်၍ အဆိုပါမ္ဘောရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ (၁၄၈)ဦး တို့အား သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ မီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွား မီးယပ် ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပက်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများအား နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၃၈)

## ရေဘေးသင့် အိမ်ထောင်စုများအား ရေသန့်ကဒ်များနှင့် ပေါင်မုန့်များ လှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်ဝန်ထမ်းများသည် အမှတ်လေး၊ ရေနံ့စုရပ်၊ အမှတ်နှစ်၊ မကျည်းတောရပ်နှင့်အမှတ်ငါး၊ ရေဝင်ရပ်ကွက်များရှိ ရေဘေးရှောင် အိမ်ထောင်စုများသို့ ယနေ့နံနက် ၁၀ နာရီက ရေသန့်ကဒ်နှင့် ပေါင်မုန့်များ လှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်မင်းသူနှင့် တောင်ဇင်းနယ်မြေမီးသတ်စခန်းမှ တပ်ကြပ်ကြီးမျိုးချို ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များသည် ရေဘေးရှောင်၊ ရေဘေးသင့် အိမ်ထောင်စု(၂၃၂)စုတို့အား ရေသန့်ကတ်တစ်ကတ်စီနှင့်ပေါင်မုန့်များအား စက်လှေသုံးစီးဖြင့် ရေဝင်ရောက်ရာ အိမ်များအရောက် လိုက်လံပေးအပ်လှူဒါန်းခဲ့သည်။

ညောင်ဦးမြို့နယ်တွင် ဧရာဝတီမြစ်ရေသည် ယနေ့ညနေ ၃ နာရီခွဲ တိုင်းထွာချက်အရ စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ၂၁၁၇ စင်တီမီတာရှိနေသေးပြီး ၃ စင်တီမီတာသာကျော်တော့ကြောင်း၊ ဧရာဝတီမြစ်ရေတဖြည်းဖြည်းပြန်လည်ကျဆင်းနေကြောင်း၊ ရေဘေးရှောင်စခန်းများတွင် ရောက်ရှိခိုလှုံနေသာ ရေဘေးရှောင်အိမ်ထောင်စုများ၊ ကာလဝမ်းရောဂါ မဖြစ်ပွားစေရေးနှင့်ရေသန့်များ စနစ်တကျသုံးစွဲရေး၊ သောက်ရေများ ကျိုချက်သောက်သုံးနိုင်ရေး၊ အများနှင့်စုပေါင်းနေထိုင်ရသည့်အတွက် ကျန်းမာရေးအထူးဂရုပြုနိုင်ရေးတို့အား ညောင်ဦးမြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူနှင့်ဝန်ထမ်းများက အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၈၁)





## အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေး

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်သူများ အခြေခံစားသောက်ကုန်များဝယ်ယူရာ၌ ဈေးနှုန်းချိုသာပြီး အဆင်ပြေစေရန်အတွက် ပြည်သူ့သက်သာဈေးဖွင့်လှစ်၍ အပတ်စဉ်ရွေ့လျားစနစ်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရှိရပြီး ယမန်နေ့နံနက်ပိုင်းက ကျောက်ဆည်မြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား အသား၊ ငါးနှင့် စားအုန်းဆီများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့သည်။ **(အပေါ်ပုံ)**

ရောင်းချရာ၌ ကုန်ပစ္စည်းများ အရည်အသွေးပြည့်ဝစေရေး ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများနှင့်ပူးပေါင်း၍ စားအုန်းဆီတစ်ပိဿာ ရည်ညွှန်းဈေး ငွေကျပ် ၈၆၀၀၊ ဝက်သားတစ်ပိဿာငွေကျပ် ၂၆၀၀၀၊ အမဲသားတစ်ပိဿာငွေကျပ် ၂၅၀၀၀၊ ဆိတ်သားတစ်ပိဿာငွေကျပ် ၂၈၀၀၀ တို့ဖြင့် စားအုန်းဆီ ၁၀၀ ပိဿာ၊ ဝက်သား ၃၅ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ဆိတ်သား၊ ၁၅ ပိဿာ အသီးသီးရောင်းချပေးခဲ့ကြောင်း သိရသည်။ (၄၈၅)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**မြို့သစ် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြို့သစ်မြို့နယ်အတွင်းရှိ ကျေးရွာနေပြည်သူများ ထင်းအစား အခြားလောင်စာတိုးမြှင့်သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် လူထုပညာပေးအသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက မြို့သစ်မြို့နယ်၊ ရေပြည့်ကျေးရွာအုပ်စု၊ လှေဝန်းကျေးရွာ၊ ငွေလဝန်းကျောင်းတိုက်၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီးအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမြင့်စိုးက ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးအတွက် ပညာပေးဟောပြောခြင်း၊ ထင်းအစား အခြားလောင်စာတိုးမြှင့်အသုံးပြုရန် လူထုအသိပညာပေးဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် မကွေးတိုင်းဒေသကြီးအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ဟောပြောပွဲသို့ တက်ရောက်လာသည့် အိမ်ထောင်စုဝင် ၁၁၇ ဦးအတွက် စွမ်းအားမြင့်အေဝမ်းမီးဖို ၁၁၇ လုံးကို ဒေသခံပြည်သူများ၏ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ဝင်းအိစွန့်(မြန်/ဆက်)



## (၉၇)ကြိမ်မြောက် ဝိနယာဓိက စာအောင်လက်မှတ်ဆက်ကပ် ပူဇော်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ မြတောင်တိုက်နာယက၊ စာချဆရာတော်များကြီးမှူး ကျင်းပသော (၉၇)ကြိမ်မြောက် ဝိနယာဓိက စာအောင်လက်မှတ် ဆက်ကပ်ပူဇော်ပွဲကို ဩဂုတ် ၁၃ ရက် မွန်းတည့် ၁၂ နာရီက မြတောင်ရာပြည့်ဗိမာန်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ နာယက၊ စာချဆရာတော်များ၊ စာအောင်သံဃာတော်များ ကြွရောက်ချီးမြှင့်ပြီး မြတောင် သာသနာ့ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဝေ၊ အတွင်းရေးမှူး ဦးတင်အောင်နှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက် ကြည်ညိုကြပြီး ဒေသ့ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာ ပဏ္ဍိတ သာယာဝင်းကျောင်း ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ပြီး ဩဝါဒကထာ နာယူကြည်ညိုကြသည်။ **(အောက်ပုံ)**



ထို့နောက် ဝိနယာဓိက အကျော်တန်းအောင် အလယ်တိုက်ကျောင်းမှ ဦးအာလောကနှင့် ရတနာဘုံမ်ရွှေကျောင်းမှ ဦးဉာဏဝရတို့က သင်္ဂါယနာ အမေးအဖြေ ပြုလုပ်ပြီး စာအောင်သံဃာတော်များက ဝိနယပိဋကပါရာဇိကပါဠိတော်၊ ပါရာဇိက သိက္ခာပုဒ်များကို သံပြိုင်ညီညာစွာ သင်္ဂါယနာ တင်တော်မူကြသည်။

ထို့နောက် သာယာဝင်းကျောင်းဆရာတော်က လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ နိုင်ငံတော် ဗဟိုဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ ပဒေသာရွှေ ဆရာတော်မှ စာအောင်သံဃာတော်များကို တစ်ပါးစီ ပင့်လျှောက်ပြီး နာယကဆရာတော်ကြီးများနှင့် ဂေါပကအဖွဲ့က ဝိနယာအကျော်တန်းအောင် ရဟန်းနှစ်ပါးအား တစ်ပါးလျှင် ဂုဏ်ပြုဆုငွေကျပ် ၂၃၃၀၀၀ စီ၊ အကြီးတန်းအောင် လေးပါး အား တစ်ပါးလျှင် ငွေကျပ် ၁၈၃၀၀၀ စီ၊ အလတ်တန်းအောင် နှစ်ပါး အား တစ်ပါးလျှင် ငွေကျပ် ၁၅၃၀၀၀ စီ၊ အငယ်တန်းအောင် အပါး(၂၀)အား တစ်ပါးလျှင် ငွေကျပ် ၁၃၃၀၀၀ စီနှင့် သာမဏေ အကြီးတန်း၊ အလတ်တန်း၊ အငယ်တန်းအောင် သာမဏေ ၃၄ပါး အား တစ်ပါးလျှင် ငွေကျပ် ၁၃၃၀၀၀ စီနှင့် သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်ခဲ့ကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ခေမာဝင်းကျောင်းဆရာတော်ဘဒ္ဒန္တအဂ္ဂဓမ္မ ဦးဆောင်သော စာချဆရာတော်များက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို တိုက်တွင်း ဝါဆိုသံဃာ ၄၆ပါးအား စာရေးတံမဲဖောက်၍ လှူဒါန်းခဲ့ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (ဝ၅၁)



## မန္တလေးမြို့၊ ကချင်ပြည်နယ် သာရေး၊ နာရေးအသင်းက စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့၊ ကချင်ပြည်နယ်သာရေး၊ နာရေးအသင်းက (၁၃)ကြိမ်မြောက် (တတိယပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ဩဂုတ် ၁၃ ရက် နံနက် ၆ နာရီက ကျင်းပခဲ့သည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် ငါးဆူကျောင်းတိုက်၊ ပေါက်မြိုင်ကျောင်းတိုက်၊ ပေါင်းလဲကျောင်းတိုက်နှင့် ရေပန်းကျောင်းတိုက်တို့မှ သံဃာတော် အပါး ၂၀၀တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် မန္တလေးမြို့၊ ကချင်ပြည်နယ် သာရေး၊ နာရေးအသင်းဝင်များက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**(မန္တလေးနေ့စဉ်-၆)**

## ရေဘေးရှောင် စုရပ်နေရာများရှိ ပြည်သူများထံသို့ လိုက်လံကြည့်ရှုဆောင်ရွက်

**ချောက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းရပ်ကွက်များဖြစ်သော အမှတ်(၂)၊ အမှတ်(၇) ရပ်ကွက်ရှိ ရေဘေးရှောင်စုရပ်များသို့ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးဇော်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက အမှတ်(၂)ရပ်ကွက်အလယ်ဓမ္မာရုံ၊ ပေါ်တော်မူဓမ္မာရုံ ရေဘေးရှောင်စုရပ်နှင့် အမှတ်(၇)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၊ စားသုံးသူရေးရာ ဂိုထောင် ရေဘေးရှောင်စုရပ်များသို့ သွားရောက်၍ ရေဘေးရှောင် ပြည်သူများနှင့် တွေ့ဆုံကာ သောက်သုံးရေအဆင်ပြေစွာရရှိရေး၊ အဆင်ပြေစွာနေထိုင်နိုင်ရေး၊ သန့်စင်ခန်းများ စနစ်တကျ အသုံးပြုနိုင်ရေး၊ ကျန်းမာရေးအတွက် လိုအပ်ချက်များ မေးမြန်း၍ ရေဘေးရှောင် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အားပေးစကား ပြောကြားကာ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ရန် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာဌာနဆိုင်ရာမှ ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တာဝန်ရှိသူနှင့် ဝန်ထမ်းများမှ ရေဘေးရှောင် ပြည်သူများအား ရွှေ့ပြောင်းကူညီခြင်းနှင့် ထောက်ပံ့ပေးအပ်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**ကျော်မိုး(ပြန်/ဆက်)**



**ပလတ်စတစ် ညစ်ညမ်းမှု တိုက်ဖျက်ကြစို့။**

## တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းအား ဂုဏ်ပြုကြိုဆို

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အနေဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းများကို စဉ်ဆက်မပြတ်



ကြိုဆိုပွဲများ ကျင်းပခဲ့ရာ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၄)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်းတစ်ဦးကိုလည်း ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကြိုဆိုပွဲ ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၄)မှ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီးသော နိုင်ငံ့သားကောင်း တစ်ဦးအား မဟာအောင်မြေမြို့နယ် ရပ်မိ၊ ရပ်ဖများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦး၊ ရပ်ကွက်စာရေးနှင့် ရပ်ကွက်နေပြည်သူများက ဂုဏ်ပြုကြိုဆိုခဲ့ကြပြီး တာဝန်ရှိသူများက နိုင်ငံ့သားကောင်း တစ်ဦးအား ဂုဏ်ပြုဆုငွေနှင့် ဆန်၊ ဆီများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၈)**

*-*-*-*-*-*-*

## စဉ့်ကိုင်မြို့နယ်၌ ဌာနဆိုင်ရာများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**စဉ့်ကိုင် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ မြို့အင်္ဂါရပ်နှင့်အညီ မြို့ဥပမိရုပ် ပိုမိုကောင်းမွန်စေရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် စိမ်းလန်းစိုပြည်စေရေး၊ ပြည်သူ့ဆေးရုံများ၊ အများပြည်သူသွားလာအသုံးပြုသည့် လမ်းများ၊ ကျောင်းဥပမိရုပ် ပိုမိုကောင်းမွန်လာစေရန်အတွက် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများ၌ ကျောင်းအတွင်း၊ အပြင် သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက မျက်စိရောဂါအထူးကုဆေးရုံကြီး၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။



ထိုသို့ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများပူးပေါင်း၍ မျက်စိရောဂါ အထူးကုဆေးရုံကြီးဝင်းအတွင်းရှိ သစ်ပင်၊ သစ်ကိုင်းများအား ခုတ်ထွင်ရှင်းလင်းခြင်း၊ ကုသဆောင်၊ ဝန်ထမ်းအိမ်ရာနှင့် အဆိုပါဆေးရုံ ရှေ့၊ နောက်၊ ဘေး ဝဲ၊ ယာရှိ အမှိုက်များနှင့် ချုံနွယ်မြက်ပင် ရှင်းလင်းခြင်းများ စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) ကျော်စွာ(စဉ့်ကိုင်)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Hechangxi တရုတ်အနုပညာ မျိုးဆက်သစ်အဖြစ် ပေါ်ထွက်လာ



တရုတ်ဒရာမာဇာတ်ကား Sammy's Children's Day နှင့် ပရိသတ်ကြားတွင် ရေပန်းစားလာသော အနုပညာရှင် ဟယ်ချန်ရှီမှာ မျိုးဆက်သစ်အနုပညာရှင်အဖြစ် ပေါ်ထွက်လာကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဟယ်ချန်ရှီမှာ Unine အဖွဲ့ဝင်တစ်ဦးဖြစ်ခဲ့ပြီး အဓိက အဆိုနှင့် အကသမားဖြစ်ကာ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် အဖွဲ့ဖျက်သိမ်းပြီးနောက် တစ်ကိုယ်တော်ဂီတနှင့် လှုပ်ရှားနေသူဖြစ်သည်။

အဆိုတော်၊ သရုပ်ဆောင်အဖြစ် ဟယ်ချန်ရှီသည် ဘီအယ်လ်ဝတ္ထုကို ရိုက်ကူးထားသည့် Sammy's Children's Day တွင် ဟယ်ရန်ကျောင်းနှင့် တွဲဖက်ညီညီ သရုပ်ဆောင်ထား၍ ပရိသတ်ကြား ရေပန်းစားနေကာ လက်တွေ့နေထိုင်မှုဘဝကိုပါ နှစ်ဦးသား တိုက်ရိုက်ထုတ်လွှင့် တင်ဆက်ပြသထားသည်။

အဆိုပါ ဇာတ်လမ်းတွင် စာဂျပိုးလေးနှင့် ဂန်းစတားကြီးတို့အကြောင်းဖြစ်ပြီး နူးညံ့သိမ်မွေ့သော်လည်း ခက်ထန်မာကြော၍ ခက်ထန်မာကြောသော်လည်း နူးညံ့သိမ်မွေ့မှုရှိသူနှစ်ဦးအကြောင်း ရိုက်ကူးထားရာ အနုပညာစွမ်းရည်ပြည့်ဝကြ၍ အနုပညာမျိုးဆက်သစ်နှစ်ဦး ပေါ်ထွက်လာခဲ့သည်။ (SKY)

## Nia အင်ဒိုနီးရှားဖြစ်ရပ်မှန်သမိုင်းရိုက်ကူး

တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့သည့် အင်ဒိုနီးရှားဖြစ်ရပ်မှန်သမိုင်း ရိုက်ကူးထားသော Nia မှာ ကမ္ဘာ့ပရိသတ်ကြား၌ ရေပန်းစားခဲ့ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံမှ ကြေကွဲစရာဖြစ်ရပ်မှန်ဇာတ်ကားဖြစ်ပြီး မိသားစုအတွင်း မိခင်အပေါ်တွင် သာမက အကြီးအတွက်ရော၊ အငယ်အတွက်ပါ အနစ်နာခံခဲ့သည့် အလတ်မလေးအကြောင်းဖြစ်သည်။

ကျောင်းစာတော်ပြီး မိခင်နေမကောင်း၍ အကြော်ကူရောင်းပြီး အိမ်ကို ကူညီရာမှ ကြမ္မာဆိုးများနှင့် ကြုံခဲ့ရပုံကို ဇာတ်လမ်းဆင် ရိုက်ကူးတင်ပြထားရာ Nia ကို မြေစာပင်အဖြစ် မြင်တွေ့ကြရသည်။

အင်ဒိုနီးရှားသရဲကားများသာမက ဖြစ်ရပ်မှန်သမိုင်း ရိုက်ကူးရာတွင်လည်း တစ်ကမ္ဘာလုံးကို တုန်လှုပ်စေခဲ့ပြီး အနုပညာဖန်တီးမှုလက်ရာကောင်းများ ပေါ်ထွက်လာသည့်အတွက် ကမ္ဘာ့ပရိသတ်က ချီးကျူးဂုဏ်ပြုထားကြသည်။ (SKY)




## No.29 ဏ Kpop Industry ကို ခေါင်းလောင်းသံနှင့် အလဲထိုးရန် စောင့်နေ

ဘီတီအက်စ်အဖွဲ့၏ အယ်လ်ဘမ်သစ်တွင် ပါဝင်ခဲ့သည့်No.29 သည် ဘီလ်ထုတ်ဟော့ တစ်ရာချပ်တွင် နံပါတ်(၇၀)ထဲထိ ဝင်ရန်လိုအပ်သော Sales ပြည့်မီခဲ့သော်လည်း Lyrics မပါ၍ ဖြုတ်ချခြင်းခံရသော်လည်း ကေပေါ့ပ် လောကကို ခေါင်းလောင်းသံနှင့် အလဲထိုးရန် စောင့်နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ခေါင်းလောင်းသံသာ ကြားရသည့် ဂီတကို အယ်လ်ဘမ်ထဲ ထည့်ရခြင်းမှာ ကိုရီးယားနိုင်ငံ၏ အမွေအနှစ်ရတနာထဲမှ ၂၉ ခုမြောက်အဖြစ် တရားဝင် သတ်မှတ်ခြင်းခံထားရသည့် ဘုရင် Seongdeok ၏ သန့်ရှင်းသော ခေါင်းလောင်းတော်ကို အစွဲပြုထားခြင်းဖြစ်သည်။ ခေါင်းလောင်းထိုးပြီး ၁ မိနစ်နှင့် ၃၈ စက္ကန့်အကြာ ဘုရင်ကြီး နတ်ရွာစံ ကံတော်ကုန်ခဲ့သည်။

နက်နဲသည့် နိုင်ငံ့သမိုင်းကြောင်း ရာဇဝင်တစ်ခုကို နိုင်ငံခြားသားများကို မျှဝေလို၍ Avirang Album တွင် ထည့်သွင်းခဲ့ပြီး စိတ်ထားကောင်းသူများသာ ကြားရခြင်းဖြစ်သည်။ (SKY)

## ဗီတာမင်စုံအားဖြည့်ဆေးဝါး သောက်သုံးသူလူကြီးများ ခန္ဓာကိုယ်လုပ်ဆောင်မှုဆိုင်ရာ ကျန်းမာရေး ပိုမိုကောင်းမွန်



ဗီတာမင်စုံအားဖြည့်ဆေးဝါး သောက်သုံးသူ လူကြီးများသည် သုံးနှစ်အကြာတွင် ပလာစီဘို(ဆေးအတု) သောက်သုံးသူများထက် ခန္ဓာကိုယ် လုပ်ဆောင်ရည်ဆိုင်ရာ ကျန်းမာရေးစစ်ဆေးချက်များ၌ သိသိသာသာ ပိုမိုကောင်းမွန်သော ရလဒ်များ ရရှိကြောင်း မကြာသေးမီက ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ဗီတာမင်စုံဆေးဝါးများသည် ဦးနှောက်နှင့် အသိဉာဏ်ဆိုင်ရာစွမ်းရည်များကို ကာကွယ်ပေးခြင်းဖြင့် နေ့စဉ် ပုံမှန်လုပ်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်သည့်အပြင် သွေးလှည့်ပတ်မှုနှင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုကိုလည်း ပိုမိုကောင်းမွန်စေနိုင်ကြောင်း အမေရိကန်သုတေသီများ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

'ဒီသုတေသနရဲ့ ထူးခြားချက်ကတော့ ရောဂါကြီးတွေကို ကာကွယ်ရုံတင်မကဘဲ လူတွေရဲ့ နေ့စဉ်ဘဝမှာ အမှန်တကယ် ခံစားရပုံနဲ့ လှုပ်ရှားဆောင်ရွက်နိုင်စွမ်းရှိတဲ့ ခန္ဓာကိုယ်လုပ်ဆောင်ရည်ဆိုင်ရာ ကျန်းမာရေးကို အဓိကထား လေ့လာထားတာပဲဖြစ်ပါတယ်' ဟု ဩဂတ်စတာတက္ကသိုလ်၊ ဂျော်ဂျီယာ ဆေးကောလိပ်ရှိ ဂျော်ဂျီယာရောဂါကာကွယ်ရေးဌာနမှ ပါရဂူလွှန်သုတေသနပညာရှင် ဒေါက်တာဘာယူဘီဘီကီလီက ရှင်းလင်းပြောကြားသည်။ (SCI)

## Ten Days to The End စတင်ရိုက်ကူးမှု စံချိန်တင်



တရုတ် အနုပညာရှင် ရှောင်းကျန့် ပါဝင်ရိုက်ကူးထားသည့် Ten Days to The End ဇာတ်ကားစတင်ရိုက်ကူးမှု ပထမဆုံးနေ့တွင် ပြည်တွင်း၊ ပြည်ပ Chart များ၌ စံချိန်တင်နိုင်ခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကား စတင်ရိုက်ကူးမည်ဟု ကြေညာပြီး ပိုစတာထွက်ရှိရာမှ ပရိသတ်ကြားတွင် ရှောင်းကျန့် စတိုင်လ်သစ်နှင့် ပါဝင်မှုမှာ ရေပန်းစားခဲ့ကာ Tencent ၏ ရှိုးတွင် စံချိန်တင်သွားခဲ့သည်။

ဝိန်ဘိုသမိုင်းတစ်လျှောက် ဇာတ်ကားမရိုက်မီ ကြော်ငြာရုံနှင့် ရေပန်းစားမှုနှုန်းမှာ သန်းတစ်ရာကျော်နှင့် ပထမဆုံးစီးရီးဖြစ်ခဲ့ပြီး ရှောင်းကျန့်၏ ဇာတ်ကောင်ကြည့်ရှုနှုန်းမှာ သန်းတစ်ရာကျော်၊ Tencent တွင် ကြိုတင်စာရင်းပေးထားသူ ခြောက်သိန်းကျော်၊ ဝိန်ဘိုနှင့် ဒူရင်တွင် ကြိုက်နှစ်သက်သူ ငါးသိန်းကျော် ရှိခဲ့သည်။

ရှောင်းကျန့်၏ ဇာတ်ကောင်ပိုစတာထွက်ရှိလာမှုမှာ တရုတ်ပြည်တွင်းသာမက နိုင်ငံအနှံ့အပြား ပရိသတ်စောင့်ကြည့်မှု ထိပ်ဆုံးစာရင်းဝင်ခဲ့သည်အထိ လွှမ်းမိုးမှု ကြီးမားခဲ့သည်။ (SKY)

## Black Pink 2026 World Tour နှင့် အထူးအယ်လ်ဘမ် သစ်ထွက်ရှိ

ကေပေါ့ပ်အဖွဲ့ ဘလက်ပင့်ခ်၏ BP 2026 ;The Ultimate Comeback & World Tour ကို အယ်လ်ဘမ်သစ်နှင့်အတူ ထွက်ရှိလာမည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဝိုင်ဂျီအင်တာတိန်းမင့်မှ အတည်ပြုချက်အရ အဖွဲ့ဝင်လေးဦးပါဝင်သည့် အယ်လ်ဘမ်သစ်နှင့်အတူ ကမ္ဘာလှည့်ဖျော်ဖြေပွဲ World Tour အသစ် စတင်မည်ဖြစ်သည်။

အဖွဲ့ဝင် ဂျီဆိုး၊ ရို့စ်၊ ဂျင်းနီနှင့် လီဆာတို့ တစ်ကိုယ်တော်ဂီတဖျော်ဖြေပွဲများနှင့် အောင်မြင်မှုရရှိထားပြီး လေးဦးသား အဖွဲ့လိုက် ပြန်လည်စုစည်းမှုလည်း ဖြစ်သည်။

ဂျီဆိုးနှင့် ရို့စ်မှာ သီချင်းသစ်များအပြင် သရုပ်ဆောင်ပိုင်းတွင်ပါ မြင်တွေ့ကြရပြီး ဂျင်းနီက ကိုယ်ပိုင် Label အောက်မှ အနုပညာလှုပ်ရှားမှုများနှင့် ဂီတလောကကို လွှမ်းမိုးထားကာ လီဆာက ဂလိုဘယ်အိုင်ကွန်အဖြစ် ဖက်ရှင်နှင့် သီချင်းတွင် ထိပ်တန်းစာရင်းဝင် ဖြစ်နေသည်။

၂၀၂၆ ခုနှစ်တွင် ဘလက်ပင့်ခ်အဖွဲ့က အယ်လ်ဘမ်သစ်နှင့် ပြန်လာပြီး World Tour လည်း ပြုလုပ်မည်ဖြစ်သည်။ (SKY)




## BTS Gwanhamun Concert နှင့် ကဗျာဆန်သော သံချပ်ကာဝတ်စုံအကြောင်း

၂၀၂၆ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သည့် ဘီတီအက်စ်၏ ဖျော်ဖြေပွဲ Gwanhamun Concert တွင် ဝတ်ဆင်ခဲ့သည့်ဝတ်စုံများမှာ ဂျိုဆွန်းခေတ်ရိုးရာဝတ်စုံကို အသစ်ပေါင်းစပ်ထားသည့် Lyrical Armor ကဗျာဆန်သော သံချပ်ကာဝတ်စုံများဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဖွဲ့ခေါင်းဆောင် အာရ်အမ်ကို သူရဲကောင်း(Hero)ဝတ်စုံ ဂျင်က အနုပညာရှင်(Artist) ဆူဂါဖန်တီးသည့် ဗိသုကာဝတ်စုံ၊ ဂျေဟုတ်က ကချေသည် ပုံရိပ်ကို ထင်ဟပ်စေသည့် တေးသံရှင်ဝတ်စုံတို့ကို ဝတ်ဆင်ထားပြီး ဂျိုဆွန်းခေတ် သံချပ်ကာအင်္ကျီများမှ စိတ်ကူးရယူထားသည်။

အဖွဲ့ဝင် ဂျီမင်က ဟန်ဘော့၏ ထူးခြားသည့် စီးဆင်းမှုပုံစံ သံချပ်ကာအင်္ကျီအလွှာနှစ်ထပ်နှင့် ကဗျာဆရာဝတ်စုံ၊ V က တုန်ရှိုင်းမဲ့ ထူးခြားသည့်ပုံရိပ်နှင့် ရိုးရာဟန်ဘော့၏ တည်ဆောက်ပုံဆိုင်ရာ အလှတရားနှင့် ပညာရှိဝတ်စုံ၊ ဂျောင်ကုက အဓိကအဆိုတော် ကချေသည်၊ ရက်ပ်ပါကဗျာစုံ လမ်းပြသူဝတ်စုံတို့ ဝတ်ဆင်ထားသည်။

အဆိုပါ ဝတ်စုံများကို Songzio က ကဗျာဆန်သော သံချပ်ကာဝတ်စုံများကို တစ်ရောင်တည်း ဖန်တီးပေးထားသည်။ (SKY)



## တရုတ်နှင့် အာဆီယံအကြား ကုန်သွယ်မှုပမာဏ ၂၀၂၆ ခုနှစ် ပထမခြောက်လပတ်အတွင်း မြင့်တက်



**ပေကျင်း ဩဂုတ် ၁၆**

၂၀၂၆ ခုနှစ် ပထမခြောက်လပတ်အတွင်း တရုတ်နှင့် အာဆီယံအကြား ကုန်သွယ်မှုပမာဏမှာ ယခင်နှစ် အလားတူကာလထက် ၁၈ ဒသမ ၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ယွမ် ၄ ဒသမ ၃၄ ထရီလီယံ (အမေရိကန်ဒေါ်လာ ၆၄၃ ဒသမ ၂ ဘီလီယံ) သို့ ရောက်ရှိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

တရုတ်အကောက်ခွန်အရာရှိချုပ်ရုံး၏ ထုတ်ပြန်ချက်အရ ထိုကာလအတွင်း အစိတ်အပိုင်းများနှင့် ထုတ်လုပ်မှုဆိုင်ရာ ကုန်ကြမ်းများ ပါဝင်သော အလယ်အလတ်ထုတ်ကုန်များ ကုန်သွယ်မှုသည် ၂၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကာ ယွမ် ၂ ဒသမ ၈၆ ထရီလီယံအထိ ရှိခဲ့ပြီး စုစုပေါင်းကုန်သွယ်မှု၏ သုံးပုံနှစ်ပုံခန့် ရှိခဲ့သည်။

အလယ်အလတ်ထုတ်ကုန် ကုန်သွယ်မှု မှန်မှန် တိုးတက်လာခြင်းသည် တရုတ်နှင့်အာဆီယံ၏ စက်မှုဆိုင်ရာနှင့် တန်ဖိုးကွင်းဆက် ချိတ်ဆက်ပေါင်းစည်းမှု ပိုမိုနက်ရှိုင်းလာခြင်းကြောင့်ဟု တရုတ်အကောက်ခွန်အရာရှိချုပ်ရုံးမှ ပြောခွင့်ရသူ လျူဒါလင်းက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**



## စာမေးပွဲများအတွက် အခမဲ့အွန်လိုင်း သင်ခန်းစာများကို အစိုးရက ပံ့ပိုးပေးသွားမည်ဟု အိန္ဒိယဝန်ကြီးချုပ်ပြောကြား

**နယူးဒေလီ ဩဂုတ် ၁၆**

အပြိုင်အဆိုင်ဖြေဆိုရသော စာမေးပွဲများအတွက် အခမဲ့အွန်လိုင်းသင်ခန်းစာများကို မိမိတို့အစိုးရက ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီက ဩဂုတ် ၁၅ ရက်တွင် ပြောကြားခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အဆိုပါ အစီအစဉ်သည် အိန္ဒိယနိုင်ငံ၏ ပြင်းထန်သော ပညာရေးပြိုင်ဆိုင်မှုစနစ်အတွင်း ပိတ်မိနေသည့် သန်းပေါင်းများစွာသော မိသားစုများ၏ ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးရန် ရည်ရွယ်ခြင်းဖြစ်သည်ဟု မိုဒီက ပြောသည်။

အသက် ၇၅ နှစ်အရွယ် ခေါင်းဆောင်သည် ၁၉၄၇ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ဗြိတိန်ထံမှ လွတ်လပ်ရေးရရှိခဲ့မှုကို အထိမ်းအမှတ်ပြုရန် နယူးဒေလီ၏ ၁၇ ရာစုနှစ် ရေဒ်ဖို့ဒ်ခံတပ်မှ စကားပြောကြားစဉ် ယင်းသို့ ကြေညာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ဘယ်လ်ဂျီယံရှိ အကြီးဆုံး သဘာဝဘေးမဲ့တောအတွင်း တောက်လောင်နေသောတောမီးကို ငြိမ်းသတ်လျက်ရှိ

**ဘရပ်ဆဲလ် ဩဂုတ် ၁၆**

ဘယ်လ်ဂျီယံနိုင်ငံ၏ အကြီးဆုံး သဘာဝဘေးမဲ့တောအတွင်း ကူးစက်တောက် လောင်နေသော တောမီးကို မီးသတ်တပ်ဖွဲ့ဝင်များက ငြိမ်းသတ်လျက်ရှိပြီး အဆိုပါမီးလောင်မှုသည် နိုင်ငံ၏ လတ်တလောသမိုင်းတွင် အဆိုးရွားဆုံးဖြစ်ကြောင်း သိရသည်။

သောကြာနေ့ကတည်းက စတင်လောင်ကျွမ်းခဲ့သော မီးသည် နေအိမ်များဆီသို့ ကူးစက်သွားနိုင်ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက သတိပေးထားပြီး ပရိဗင်းရှယ်ဟိုက်ဖန်စ် (High Fens) သဘာဝဥယျာဉ်၏ သုံးပုံတစ်ပုံခန့် မီးလောင်ကျွမ်းသွားသဖြင့် အနီးနားရှိ ကျေးရွာနှစ်ရွာမှ နေထိုင်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရန် အမိန့်ထုတ်ပြန်ထားသည်။

ဂျာမနီနိုင်ငံနှင့် ထိစပ်နေသော ဘယ်ဂျီယံအရှေ့ဘက် နယ်စပ်အနီးရှိ သဘာဝဥယျာဉ်အတွင်း ငြိမ်းသတ်ရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် မီးသတ်တပ်ဖွဲ့ဝင်များကို ကူညီရန်အတွက် ဥရောပတစ်ဝှမ်းမှ မီးငြိမ်းသတ်ရေးလေယာဉ်များနှင့် ဟယ်လီကော်ပတာများကို စေလွှတ်ထားကြောင်း သိရသည်။

**Mon**



## အမေရိကန်အနောက်အလယ်ပိုင်းရှိ အင်ဒီယားနားပြည်နယ်တွင် ပြင်းထန်သော မုန်တိုင်းများတိုက်ပြီး ရေကြီးမှုများ ဖြစ်ပွားခဲ့



**ဝါရှင်တန် ဩဂုတ် ၁၆**

အမေရိကန်ပြည်ထောင်စု အနောက်အလယ်ပိုင်းရှိ အင်ဒီယားနားပြည်နယ်တွင် ပြင်းထန်သော မုန်တိုင်းများနှင့် ရေကြီးမှုများ ဖြစ်ပွားခဲ့ပြီးနောက် အနည်းဆုံး လူငါးဦးသေဆုံးသည်ဟု တာဝန်ရှိသူများက သတင်းထုတ်ပြန်ထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

လွန်ခဲ့သော သီတင်းပတ်အတွင်း အင်ဒီယားနားပြည်နယ်ကို မိုးသည်းထန်စွာ ရွာသွန်းစေခဲ့သည့် မုန်တိုင်းများကြောင့် ပိတ်မိနေသူများကို ကယ်ဆယ်ရေးဝန်ထမ်းများက ဆက်လက်ရှာဖွေလျက်ရှိသည်။

ပြည်နယ်အတွက် ပိုမိုကြီးမားသောအကူအညီနှင့် အရင်းအမြစ်များကို ရရှိနိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးမှူး မိုက်ဘရောင်းက သောကြာနေ့တွင် သမ္မတ၏ အရေးပေါ်အခြေအနေ ကြေညာချက်ထုတ်ပြန်ပေးရန် တောင်းဆိုထားကြောင်း သိရသည်။ **Mon**

## ဒိန်းမတ်နိုင်ငံ ဟန်ဗူးမြို့ရှိ ရူပဗေဒ သုတေသနအဖွဲ့ ကမ္ဘာ့သိပ္ပံပညာရှင် ၁၀၀၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်

**ဟန်ဗူး ဩဂုတ် ၁၆**

ဒိန်းမတ်နိုင်ငံ ဟန်ဗူးမြို့ရှိ ရူပဗေဒအဖွဲ့အစည်းမှ သုတေသနအဖွဲ့တစ်ဖွဲ့သည် ဒြပ်ထု၏ သဘောသဘာဝနှင့် စကြာဝဠာ၏ မူလအစနှင့် ဖြစ်တည်တိုးတက်မှုများအပါအဝင် ရူပဗေဒဆိုင်ရာ အကြီးမားဆုံး ပဟေဠိအချို့ကို စုံစမ်းစစ်ဆေးရန် ကမ္ဘာတစ်ဝှမ်းရှိ သိပ္ပံပညာရှင် ၁၀၀၀ ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဂျပန်နိုင်ငံရှိ ရွေးချယ်ထားသော နိုင်ငံတကာ စမ်းသပ်မှုများမှတစ်ဆင့် စွမ်းအင်မြင့် ရူပဗေဒ သုတေသနအစီအစဉ်အရ ဒိန်းမတ် သိပ္ပံပညာရှင်များသည် ကမ္ဘာ့အဆင့်မြင့်ဆုံး အမှုန်ရူပဗေဒ စမ်းသပ်မှုနှစ်ခုဖြစ်သည့် ဘဲလ်တူးနှင့် တီတူးကေတို့တွင် ပါဝင်ခဲ့ကြသည်။

၂၀၂၄ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ လုပ်ဆောင်သည့် အဆိုပါ စီမံကိန်းသည် ဒိန်းမတ် သိပ္ပံနှင့် နည်းပညာအကယ်ဒမီ၏ ရူပဗေဒအဖွဲ့အစည်းမှ ဒေါက်တာ ငုယင်အင်ကီး ဦးဆောင်သော နိုင်ငံတကာ သုတေသန ပူးပေါင်းဆောင်ရွက်မှု၏ အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။ **Mon**





## နယူးဇီလန်နိုင်ငံရှိ ရုပ်ရှင်ရုံတစ်ရုံ၌ မီးလောင်မှုဖြစ်

**အော့ကလန် ဩဂုတ် ၁၆**

နယူးဇီလန်၏ အကြီးဆုံးမြို့ဖြစ်သော အော့ကလန်မြို့ ဈေးဝယ်စင်တာအတွင်းရှိ ရုပ်ရှင်ရုံတစ်ရုံ၌ ဩဂုတ် ၁၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်ရပ်သည် ထိတ်လန့်ဖွယ်ဖြစ်ကြောင်းနှင့် ဒေသခံ ၁၀၀ သည် ဈေးဝယ်စင်တာအပြင်ဘက်တွင် ရပ်နေကြကြောင်း ဈေးဝယ်စင်တာမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နယူးဇီလန် မီးသတ်နှင့် အရေးပေါ်ဌာနက ယင်းဖြစ်ရပ်ကို တတိယအဆင့် မီးလောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီး အဆိုပါဒေသတစ်ဝန်းမှ မီးသတ်သမားများကို မီးငြိမ်းသတ်ရန် အကူအညီတောင်းခံခဲ့ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

## မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၁၆**

အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံမူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအသင်း(ဗဟို)(AEDA-Mdy) တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၅ ရက် မွန်းလွဲ ၁ နာရီက ချမ်းအေးသာစံမြို့နယ် အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့သည်။



ရှေးဦးစွာ မူးယစ်သမိုင်းကြောင်းကို ဘဏ္ဍာရေးမှူး ဒေါ်ခင်မေပိုင်က ဟောပြောပြီး အရက်ကွမ်းဆေးဥပဒ်ဘေး၊ မူးယစ်ဆေးဝါးဆိုးကျိုးအန္တရာယ်အကြောင်းကို အတွင်းရေးမှူး ဦးမြင့်သန်းက ဟောပြောသည်။

ဆက်လက်၍ တွဲဖက်အတွင်းရေးမှူး ဦးသန့်ဇင်ဦးက လူငယ်နှင့် စိတ်ကြွဆေးအကြောင်းကို ဟောပြောပြီး အမှုဆောင် ဒေါ်သင်းသင်းဦးက တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများအား မေးခွန်းမေးမြန်းပြီး ဖြေဆိုသည့် ကျောင်းသား၊ ကျောင်းသူများကို ဆုချီးမြှင့်သည်။

မူးယစ်ဆေးဝါးမသုံးစွဲရေးအတွက် သန္နိဋ္ဌာန်ရွတ်ဆိုကြသည်။ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ဦးရေ ၃၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၀၇၀)



## လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**ပျော်ဘွယ် ဩဂုတ် ၁၆**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ လူကုန်ကူးမှုအန္တရာယ်များကို သိရှိနားလည်ပြီး ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက လူကုန်ကူးမှုအန္တရာယ်များကို သိရှိနားလည်စေရန် ဆွေးနွေးဟောပြောသည်။

ထို့နောက် အသိပညာပေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

ကျော်စွာထက်(ပျော်ဘွယ်)

## ရေဘေးအန္တရာယ်အသိပညာပေး (Talk Show) ကျင်းပ

**ချောက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ပူးပေါင်း၍ ရေဘေးအန္တရာယ်အသိပညာပေး (Talk Show) ကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေး (Talk Show) တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းအိမွန်က ရေဘေးအန္တရာယ်နှင့်ပတ်သက်၍ မေးမြန်းဆွေးနွေးမှုများအပေါ် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ဝင်းပြည့်စုံအောင်က ရေကြောင့်ဖြစ်သောဘေးအမျိုးမျိုး၊ ရေဘေးဖြစ်နိုင်သောကာလ၊ မြစ်ရေကြီးရခြင်းအကြောင်းအရင်း၊ ရေကြီးမှုကြောင့်ဖြစ်တတ်သော ဆိုးကျိုးများ၊ ရေမကြီးမီဆောင်ရွက်ရန်အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရရှိပါက လိုက်နာရန်အချက်များ၊ ရေကြီးစဉ်ဆောင်ရွက်ရန်အချက်များ၊ ရေကြီးပြီးနောက် ဆောင်ရွက်ရန် အချက်များအား အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။




(အောက်ပုံ)

ဝင်းအိမွန်(ပြန်/ဆက်)

၀-၀-၀-၀-၀-၀

## ရေဝတီမြစ်ရေမြင့်တက်မှုကြောင့် နေအိမ်များအတွင်း ရေဝင်ရောက်မှုဖြစ်ပွားသဖြင့် ကူညီဆောင်ရွက်

**ရွှေတောင် ဩဂုတ် ၁၆**

ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင်မြို့နယ်၌ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီခန့်က ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ယွန်းတန်းရပ်ကွက်ရှိ နေအိမ်များအတွင်း ရေဝင်ရောက်နေကြောင်း သတင်းရရှိသဖြင့် ရွှေတောင်မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ရေဝင်ရောက်နေသော အိမ်ထောင်စု ၉၆ စု၊ လူဦးရေ ၃၅၄ ဦးတို့အား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေးခဲ့ပြီး လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

*-*-*-*-*



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လောင်းကစားလုပ်သူများအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို ဩဂုတ် ၁၆**

မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ မြို့နယ်အချို့၌ လောင်းကစားလုပ်သူများအား ဖမ်းဆီးအရေးယူထားသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ ဒေါ်မိုးမိုးနွယ်(၃၆) နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားလုပ်နေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နှစ်လုံးထီလောင်းကစားလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မိုးမိုးနွယ်ဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ အလားတူ ညနေ ၄ နာရီ ၂၅ မိနစ်တွင် ကျိုက်ထိုမြို့နယ်၊ ကော့ထင်းကျေးရွာနေ ဒေါ်မိုးမိုးဆန်း(၃၂) နှစ်ဆိုသူ၏ နေအိမ်၌ နှစ်လုံးထီလောင်းကစားလုပ်နေကြောင်း သတင်းအရ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ ၄င်းအား နှစ်လုံးထီလောင်းကစားလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မိုးမိုးဆန်းဆိုသူအား ကျိုက်ထိုမြို့မရဲစခန်းက လောင်းကစားဥပဒေဖြင့်လည်းကောင်း၊ ထို့အတူ ညနေ ၅ နာရီ မိနစ် ၅၀ တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကလေးကျေးရွာနေ ဒေါ်စိုးစိုး(၄၈)နှစ်ဆိုသူ၏ နေအိမ်၌ ဖဲရိုက်လောင်းကစားလုပ်နေကြောင်း သတင်းအရ ဘုရားကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်၌ ၄င်းနှင့်အတူ တစ်ရွာတည်းနေ ဒေါ်သန်းသန်းဆင့်(၅၄)နှစ်၊ ဒေါ်ခင်စန်းအေး(၄၈)နှစ်၊ ဒေါ်မြင့်မြင့်သန်း(၅၃)နှစ်ဆိုသူတို့ လေးဦးအား ဖဲရိုက်လောင်းကစားလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေများနှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် စိုးစိုးပါ လေးဦးအား ဘုရားကြီး နယ်မြေရဲစခန်းက လောင်းကစားဥပဒေဖြင့်လည်းကောင်း အသီးသီး အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁ နာရီလျှင် မိုင် ၃၀ (၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁ နာရီလျှင် မိုင် ၅၀ (၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

**မန္တလေးတိုင်းဒေသကြီး၊**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ



**ပြင်ဦးလွင် ဩဂုတ် ၁၆**

ကျေးလက်နှင့် မြို့ပြ ကွာဟမှုမရှိစေရေး၊ ကျေးရွာနေ ပြည်သူများ လူနေမှုအဆင့်မြင့်မားစေရန် ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ပြင်ဦးလွင်မြို့နယ်၊ နောင်လိုင်ကျေးရွာရှိ ဘက်စုံသုံးခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ နောင်လိုင်ကျေးရွာ၊ ပါအယ်ကျေးရွာ၊ သပြေရေကျေးရွာ၊ မှိုင်းလုံးကျေးရွာနှင့် ကြက်တက်ကျေးရွာတို့မှ တောင်သူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟိန်းမင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွှန်းနန်းထွေးက ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ပြီး ဆွေးနွေးမည့်ပုဂ္ဂိုလ်များက ပြည်သူ့စကားဝိုင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

စကားဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများမှ မိမိတို့ ကျေးရွာတိုင်းမှာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေး၊ ကျေးရွာမီးလင်းရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ပြီး စားသောက်ရသည့်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စရပ်များ၊ ကျောင်းပညာရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးနှင့် ဒေသခံတောင်သူများမှလည်း မိမိတို့ကျေးရွာတွင် လိုအပ်သည့်ကဏ္ဍများအလိုက် မေးမြန်းဆွေးနွေးမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြန်လည်ဖြေကြားခဲ့ရာ ဖိတ်ကြားထားသူများနှင့် စိတ်ဝင်စားသူပြည်သူများ၊ တက်ရောက်လေ့လာဆွေးနွေးသူများ ပါဝင်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ခရိုင်(ပြန်/ဆက်)**

၀-၀-၀-၀

## အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်းကျင်းပ

**မိုင်းခုတ် ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့နံနက် ၉ နာရီခွဲက အဆိုပါကျောင်းရှိ ပညာ့ဗိမာန်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။



ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးသန်းမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဇင်မီမီထွန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက် (၃) က ဦးဆောင်၍ လူငယ်စကားဝိုင်းဆွေးနွေးဆောင်ရွက်ရာ Grade-12 ကျောင်းသား မောင်ချစ်ဦးမောင်မှ "လူငယ်နှင့်စည်း"၊ Grade-11 ကျောင်းသူ မတွယ်တာလင်းမှ "လူငယ်နှင့်ပူးပေါင်းဆောင်ရွက်ခြင်း"၊ Grade-11 ကျောင်းသူ မမြတ်ရတနာဝင်းမှ "လူငယ်နှင့် အောင်မြင်ရေး"၊ Grade-9 ကျောင်းသူ မနန်းအေးနောင့်ဟွမ်မှ "လူငယ်နှင့်စည်းကမ်း" စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများမှ သိရှိလိုသည့် အချက်များကို မေးမြန်းကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀

## ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၁၂၅၀ အထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၆၁၂၅၀ အထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးခြင်းကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဧက ၆၁၂၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့မှာတော့ စပါး ၆၁၂၅၀ ဧကအထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားစိုက်ဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာတွင် လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေကို ဖြည့်ဆည်း ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့အတွက် သက်ဆိုင်ရာ စပ်ဆက်ဌာနတွေနဲ့ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် မိုးစပါးစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ စိုက်ပျိုးရေးနှင့် သွင်းအားစုများ စနစ်တကျ သုံးစွဲတတ်စေရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုကို ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။ **(၄၄၅)**



## စာပေချစ်မြတ်နိုးသူများ Book Club အဖွဲ့မှ စာဖတ်ဝိုင်းကျင်းပ

**သရက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့တွင် စာပေချစ်မြတ်နိုးသူများ Book Club အဖွဲ့မှ စာရေးဆရာဖေမြင့် ရေးသားသည့် ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်အား ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့စာကြည့်တိုက် Community Centre ခန်းမ၌ စာဖတ်ဝိုင်းကျင်းပပြုလုပ်သည်။




အဆိုပါစာဖတ်ဝိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နေမျိုးပိုင်က စာရေးဆရာ၏ ကိုယ်ရေးအကျဉ်းနှင့် ထုတ်ဝေခဲ့သည့် စာအုပ်များကို ဖတ်ကြားရှင်းလင်းဆွေးနွေးပေးပြီး စာရေးဆရာဖေမြင့် ရေးသားသည့် "ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်"အား တက်ရောက်လာကြသည့် စာပေချစ်မြတ်နိုးသူများက အခန်းလိုက် တစ်ဦးချင်း၏ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်အတွေးများ၊ စာရေးဆရာ၏ စာဖတ်သူများအား ပေးချင်တဲ့ ဗဟုသုတများ၊ စာပေအလင်းများကို ပွင့်ပွင့်လင်းလင်း ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ထက်(သရက်)**

## မိုင်းကိုင်မြို့နယ် တွန်ကျိုင်းရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဩဂုတ် ၁၆**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် အတိုးနှုန်း သက်သာသည့် ငွေကြေးအရင်းအနှီးများရရှိစေရန်ရည်ရွယ်၍ တုံလောကျေးရွာအုပ်စု၊ တွန်ကျိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ယမန်နေ့ မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများက ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့နှင့်အတူ တွန်ကျိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၆၂ ဒသမ ၄ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ တွန်ကျိုင်းရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား ၅၇ ဦးအား ငွေကျပ် ၅၇ ဒသမ ၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ အသင်းသားလေးဦးအား ၄ ဒသမ ၉ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၁ ဦးကို ငွေကျပ် ၆၂ ဒသမ ၄ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အောင်ရဲကျော်**

၀-၀-၀

၀-၀-၀-၀

၀-၀-၀-၀-၀




## အန်ဇိုဖာနန်ဒက်ဇ် ချဲလ်ဆီးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် ဩဂုတ် ၁၆**

ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ချဲလ်ဆီးအသင်းက အတည်ပြု ထုတ်ပြန်ခဲ့သည်။**(အောက်ပုံ)**

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။



ကွင်းလယ်ကစားသမား အန်ဇိုဖာနန်ဒက်ဇ်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၆၉ပွဲကစားပြီး ၃၁ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

ချဲလ်ဆီးအသင်းထုတ်ပြန်ချက်တွင် "အန်ဇိုဖာနန်ဒက်ဇ် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာအသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ"ဟု ထုတ်ပြန်သည်။ **(NGB)**

## ရှိုမဲရိုးကို အက်သလက်တီကိုမက်ဒရစ်အသင်း ခေါ်ယူ

**မက်ဒရစ် ဩဂုတ် ၁၆**



အက်သလက်တီကိုမက်ဒရစ်အသင်းသည် စပါးအသင်း နောက်ခံကစားသမား ရှိုမဲရိုးကို စတာလင်ပေါင် ၃၄ ဒသမ ၂ သန်းဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ၂၀၃၁ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ရှိုမဲရိုးသည် စပါးအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၆ပွဲ ကစားပြီး ၁၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကို မက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းသည် နွေရာသီဈေးကွက်အတွင်းတွင် ကစားသမား လေးဦးအထိ ခေါ်ယူအားဖြည့်ထားပြီးဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**




## 2026 Abierto GNP Seguros Open တင်းနစ်ပြိုင်ပွဲ ဩဂုတ် ၂၄ ရက်တွင် စတင်မည်

**ဝါရှင်တန် ဩဂုတ် ၁၆**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည်ဖြစ်သော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Abierto GNP Seguros Open တင်းနစ်ပြိုင်ပွဲ လာမည့်ဩဂုတ် ၂၄ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2026 Abierto GNP Seguros Open တင်းနစ်ပြိုင်ပွဲကို ဩဂုတ် ၂၄ရက်မှ ၃၀ရက်အထိ ၇ရက်ကြာ ကျင်းပသွားမည်ဖြစ်သည်။

2026 Abierto GNP Seguros Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်မယ်များစွာ ဝင်ရောက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

Abierto GNP Seguros Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ရှုရှားတင်းနစ်မယ် Diana Shnaider ဖြစ်သည်။ **(အပေါ်ပုံ)** **(NGB)**

## ဒန်နီရယ်မူနော့ဇ်၏ ခေါ်ယူရန် အဲဗာတန်အသင်း ကမ်းလှမ်း

**လန်ဒန် ဩဂုတ် ၁၆**

အဲဗာတန်အသင်းသည် ခရစ္စတယ်ပဲလေ့စ်အသင်းနောက်ခံကစားသမား ဒန်နီရယ်မူနော့ဇ်ကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၈ ပွဲကစားပြီး ၁၁ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

ခရစ္စတယ်ပဲလေ့စ်အသင်းကလည်း ဒန်နီရယ်မူနော့ဇ်အတွက် ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၂၅ သန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် ဈေးကွက်အတွင်းတွင် ခရစ္စတယ်ပဲလေ့စ်အသင်းထံမှ ဒန်နီရယ်မူနော့ဇ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(NGB)**



## အီလစ် ဘိုလော့ဂ်နာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဩဂုတ် ၁၆**



စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းသည် အသင်းနောက်ခံကစားသမား အီလစ်ကို ၂၀၃၀ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။**(ယာပုံ)**

အသက်(၂၃)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဘိုလော့ဂ်နာအသင်းမှ အန်းဒါးလက်ချ်အသင်းသို့ အငှားဖြင့် သွားရောက်ကစားပြီး ပြိုင်ပွဲစုံ ပွဲ ၂၀ကစားကာ အကောင်းဆုံး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဘိုလော့ဂ်နာအသင်း ထုတ်ပြန်ချက်တွင် "အီလစ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ အသင်းအနေနဲ့ သူ့ကို အငှားချတော့မှာမဟုတ်ပါဘူး။ သူ့အနေနဲ့လည်း ရာသီသစ်မှာ အသင်းကို အောင်မြင်မှုများစွာ ရရှိအောင် စွမ်းဆောင်ပေးနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်"ဟု ထုတ်ပြန်သည်။ **(NGB)**

## ဖာရန်တောရက်စ်ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်




**ပါရီ ဩဂုတ် ၁၆**

တိုက်စစ်မှူးသစ် ဖာရန်တောရက်စ် ပီအက်စ်ဂျီအသင်းတွင် ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် လက်ရှိဈေးကွက် အတွင်းတွင် ဘာစီလိုနာအသင်းမှ ပီအက်စ်ဂျီအသင်းသို့ ၂၀၃၁ ခုနှစ်အထိ စာချုပ် ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်းဖြစ်သည်။

တိုက်စစ်မှူး ဖာရန်တောရက်စ်သည် ဘာစီလိုနာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၇ပွဲကစားပြီး ၆၅ဂိုးထိ သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ပီအက်စ်ဂျီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

အသက်(၂၆)နှစ်အရွယ်ရှိ ဖာရန်တောရက်စ်က "ကျွန်တော် ပီအက်စ်ဂျီအသင်းမှာ ကျောနံပါတ်(၉)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဒီအသင်းနဲ့အတူ ဆုဖလားတွေ ရယူနိုင်အောင်လည်း အစွမ်းကုန် ကြိုးစားသွားမှာပါ" ဟု ပြောသည်။ **(NGB)**

## အင်တာမီလန်အသင်းက ဘက်တစ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိ




**မီလန် ဩဂုတ် ၁၆**

ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အီတလီကလပ် အင်တာမီလန်အသင်းနှင့် စပိန်ကလပ် ဘက်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အင်တာမီလန်အသင်းက ဘက်တစ်အသင်းကို တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အင်တာမီလန်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၈၂မိနစ်တွင် ဂျွန်စတုန်းက သွင်းယူပေးခဲ့သည်။ **(ဝဲပုံ)**

အင်တာမီလန်အသင်းသည် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီ အီတလီစီးရီးအေ အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဩဂုတ် ၂၂ ရက်တွင် မွန်ဇာအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။**(NGB)**

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် | |
|---|---|---|---|
| ၁၈-၈-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ဒီပို့တီဗို - အယ်လ်ချီ | ဒီပို့တီဗို ၁-၀ အယ်လ်ချီ<br>အယ်လ်ချီ ၄-၀ ဒီပို့တီဗို | ၂၀၂၄-၂၅ |

### အင်္ဂလိပ် ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|
| ၁၈-၈-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | ကာဒစ်ဖ် - ဝက်ရဟမ်း | —— |

## ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်း ပရီးမီးယားလိဂ်ချန်ပီယံဆု ဆွတ်ခူးနိုင်မည်ဟု စူပါကွန်ပျူတာခန့်မှန်း

**လန်ဒန် ဩဂုတ် ၁၆**

အာဆင်နယ်အသင်းသည် လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်မည်ဖြစ်ကြောင်း Opta စူပါကွန်ပျူတာက ခန့်မှန်းခဲ့သည်။

အာဆင်နယ်အသင်းသည် ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သလို၊ လာမည့် ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင်လည်း ပရီးမီးယားလိဂ် ချန်ပီယံဆုကို ဆက်လက်ထိန်းသိမ်းသွားနိုင်မည်ဖြစ်ကြောင်း Optaက ခန့်မှန်းခဲ့သည်။ **(ဝဲပုံ)**




Opta ၏ ခန့်မှန်းမှုအရ ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် အာဆင်နယ်အသင်းက ချန်ပီယံဖြစ်နိုင်ချေ ၃၈ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ၎င်းနောက်တွင် မန်စီးတီး၊ လီဗာပူး၊ မန်ယူ၊ အက်စတွန်ဗီလာ၊ ချဲလ်ဆီးအသင်းတို့ ရပ်တည်ခဲ့သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် Opta စူပါကွန်ပျူတာ၏ ခန့်မှန်းမှုအတိုင်း ၂၀၂၆-၂၀၂၇ ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ချန်ပီယံဆုကို ဆွတ်ခူးသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ **(ဝဲပုံ)** **(NGB)**

## မြစ်သားမြို့နယ်၊ ဘူတာရပ်ကွက်၌ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် (Public Talk) ပြည်သူ့စကားဝိုင်း ကျင်းပ



**မြစ်သား ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သား မြို့နယ်တွင် လွှတ်တော်ကိုယ် စားလှယ်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနတို့ ပူးပေါင်း၍ ဒီမိုကရေစီ အင်္ဂါရပ်များနှင့်အညီ အများ ပြည်သူနှင့်အစိုးရ တာဝန်ရှိသူ များကြားတွင် ဆွေးနွေးပြော ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိစေရန်၊ မိမိတို့ဒေသတွင် ဖြစ် ပေါ်နေသော အကြောင်းအရာ များကို ပြည်သူများကြားတွင် ဆွေးနွေးမှုများ ရှိလာစေရန်၊ ဆွေးနွေးပွဲများတွင် ပါဝင်ဆွေး နွေးတတ်သည့် အလေ့အကျင့် ကောင်းများရရှိစေရန် ရည်ရွယ် ၍ ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြစ် သားမြို့နယ်၊ ဘူတာရပ်ကွက်၊ ရွှေဘုံသာကျောင်း ဓမ္မာရုံ၌ ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လွှတ်တော်ကိုယ် စားလှယ် ဦးသန်းဦးက အမှာ စကားပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဦးစီးအရာရှိ ဒေါ်သီတာ အောင်က ပြည်သူ့စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက် များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသော လွှတ် တော်ကိုယ်စားလှယ်များနှင့် မြို့ နယ်အဆင့် ဌာနဆိုင်ရာများမှ မိတ်ဆက်စကား ပြောကြားခဲ့ သည်။ ထို့နောက် ရပ်ကွက်နေ ပြည်သူများက ဆောင်ရွက်ပေးရ မည့်ကိစ္စရပ်များကို တင်ပြဆွေး နွေးကြရာ လွှတ်တော်ကိုယ်စား လှယ်များနှင့် တာဝန်ရှိသူများက ကဏ္ဍအလိုက် အသီးသီး ပြန် လည်ရှင်းလင်း ဆွေးနွေးခဲ့သည်။

ပြည်သူ့စကားဝိုင်းကျင်းပ ရာတွင် ပြည်သူ့လွှတ်တော်ကိုယ် စားလှယ်၊ တိုင်းဒေသကြီးလွှတ် တော်ကိုယ်စားလှယ်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးမိုးဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူး ဇော်မင်းထွေး၊ မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်ပြည့်၊ မြို့နယ်ဆည် မြောင်းနှင့် ရေအသုံးချမှုနှင့် စီမံ ခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးသန်းထိုက်၊ မြို့နယ်ကျန်း မာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနေအောင်စိုး၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မင်းကျော်၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခွဲ အသင်း ဥက္ကဋ္ဌ ဦးတင့်လွင်ဦး၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်နေ ပြည်သူများ စုစုပေါင်း ၂၈၀ ဦး ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ဝါဝါမြင့်(မြစ်သား)**



## အခြေခံပညာအထက်တန်းကျောင်း(ခွဲ) (လ-၁)ကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကလော ဩဂုတ် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း ၍ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)(လ-၁)ကျောင်း၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုး တက်စေရန် ရည်ရွယ်၍ လူငယ် စကားဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ လူငယ်စကားဝိုင်း တွင် ကလောမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)(လ-၁) ကျောင်းတာဝန်ခံဆရာမကြီးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီး အရာရှိ ဦးခွန်အာကာထွန်းက လူငယ်များအား စာဖတ်ရှိန်မြှင့် တင်ရေး၊ ဗလငါးတန်နှင့်ပြည့်စုံ သော လူငယ်များ ဖြစ်ပေါ်လာ စေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူငယ်စကားဝိုင်းများ ကျင်းပ ရခြင်းဖြစ်ပါကြောင်း၊ ထို့အပြင် ကျောင်းသားလူငယ်များ စာဖတ် စွမ်းရည်များ တိုးတက်လာပြီး အသင်းအဖွဲ့များတွင် ပါဝင် ဆွေးနွေးတတ်သည့် အလေ့ အကျင့်များ၊ ကိုယ်ရည်ကိုယ် သွေးများနှင့် နှုတ်မှုစွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ကျင်းပရခြင်းဖြစ်ကြောင်း ရှင်း လင်းပြောကြားသည်။

ထို့နောက် လူငယ်စကား ဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဒေါ်ပြည့်ဖြိုးကြွယ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင် ပြီး အခြေခံပညာအထက်တန်း ကျောင်း(ခွဲ)(လ-၁)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ် နှင့်ပညာရေး၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား ခေါင်းစဉ် တို့ဖြင့် အသီးသီး ဆွေးနွေးခဲ့ကြ ပြီး ကျောင်းသား၊ ကျောင်းသူ များက လူငယ်စကားဝိုင်းတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာ များအပေါ် အခြေခံကာ မိမိတို့ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ပါဝင်ဆွေးနွေးသူ များက အသီးသီး ပြန်လည်ဖြေ ကြားပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

## အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများအား အာဟာရမုန့်များနှင့် ကြာဆံဟင်းခါး တိုက်ကျွေး

**မန္တလေး ဩဂုတ် ၁၆**

မန္တလေး၊ မဟာအောင်မြေ မြို့နယ် အမှတ်(၄)အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျောင်း သား၊ ကျောင်းသူများအား ရပ် ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်ပြီး ရပ်ကွက်နေအလှူရှင်များ စုပေါင်း ၍ ဩဂုတ် ၁၅ ရက် မွန်းလွဲပိုင်း က အာဟာရမုန့်များနှင့် ကြာဆံ ဟင်းခါး တိုက်ကျွေးသည်။

အဆိုပါလှူဒါန်းမှုကို မဟာ အောင်မြေမြို့နယ် မဟာမြိုင်(၁) ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ် မှူး၊ ဆယ်အိမ်မှူးများက ဦးဆောင်ပြီး အမှတ်(၄)အခြေခံပညာအလယ် တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများအား ရပ်ကွက်နေ အလှူရှင်များ စုပေါင်း၍ အာဟာရ မုန့်များနှင့် ကြာဆံဟင်းခါး တိုက်ကျွေးခဲ့ပြီး အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း ခွဲ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက လိုအပ် သည်များကို ကူညီဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။



**(ဝဲပုံ)**

**(ဝ၅၆)**

## နယ်လှည့်အထူးကုဆေးကုသရေးအဖွဲ့မှ လာရောက်ကုသပေးသွားမည်

**မိတ္ထီလာ ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ် မိတ္ထီလာပြည်သူ့ ဆေးရုံကြီး၌ နေပြည်တော် ခုတင် (၁၀၀၀) အထွေထွေရောဂါကု ဆေးရုံကြီးမှ ပါမောက္ခ၊ အထူးကု ဆရာဝန်ကြီး၊ အထူးကုဆရာဝန် များပါဝင်သော နယ်လှည့်အထူးကု ဆေးကုသရေးအဖွဲ့မှ လာရောက် ကုသပေးသွားမည်ဖြစ်သည်။

နေပြည်တော် ခုတင်(၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီးမှ ပါမောက္ခ၊ အထူးကုဆရာဝန်ကြီး၊ အထူးကုဆရာဝန်များ ပါဝင် သော နယ်လှည့်အထူးကုဆေး ကုသရေးအဖွဲ့မှ အစာအိမ်နှင့် အူလမ်းကြောင်းအထူးကုဌာန၊ ဟော်မုန်းဇေဒအထူးကုဌာန၊ အထူးကုဆေးပညာဌာန၊ ကင်ဆာ ရောဂါဆေးပညာဌာန၊ ဆီးနှင့် ကျောက်ကပ်ဆေးကုဌာန၊ နှလုံး အထူးကုဌာန၊ အရိုး၊ အကြော၊ အဆစ်ဆေးပညာဌာန၊ ဦးနှောက် နှင့် အာရုံကြောခွဲစိတ်ကုဌာန၊ အဆုတ်နှင့် ရင်ခေါင်းအထူးကု ဌာန၊ သွေးဇေဒဌာန၊ အရေပြား ဌာနနှင့် အသည်းအထူးကုဌာန တို့ကို မိတ္ထီလာပြည်သူ့ဆေးရုံ ကြီးတွင် ဩဂုတ် ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ကုသပေးသွား မည်ဖြစ်ပြီး ဩဂုတ် ၂၂ ရက် နံနက် ၇ နာရီမှ စတင်၍ လူနာ စာရင်းလက်ခံပြီး နံနက် ၉ နာရီ တွင် ဌာနအလိုက် စတင်ကုသ ပေးသွားမည်ဖြစ်ကြောင်း ဆေးရုံ အုပ်ကြီး ဒေါက်တာဝင်းမင်းသီရိ ထံမှ သိရသည်။

**(၄၆၉)**

*-*-*-*-*

## မေတ္တာပါတဲ့အတွေးများစာအုပ် စာဖတ်ဝိုင်းကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန လူထုအခြေပြုဗဟိုဌာန တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက စာရေးဆရာ ခင်စောတင့် ရေး သားသည့် မေတ္တာပါတဲ့အတွေး များစာအုပ် စာဖတ်ဝိုင်းကျင်းပ ခဲ့သည်။

စာဖတ်ဝိုင်းတွင် ကျောက် ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကျောင်း သား၊ ကျောင်းသူများနှင့် စာပေ ချစ်မြတ်နိုးသူများ အတွေးအမြင် များ ဖလှယ်နိုင်ရေး၊ စာကြည့် တိုက်နှင့် အကျွမ်းတဝင်ရှိစေရေး၊ စာဖတ်ရှိန်မြှင့်မားရေး၊ အသိ ပညာဗဟုသုတများ တိုးပွားရေး၊ စာပေလေ့လာဖတ်ရှုသည့် အလေ့ အကျင့်ကောင်းများ ရရှိရေး၊ ချစ်ခင်ရင်းနှီးမှု ပိုမိုရရှိရေး၊ စာ ဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူ များအသင်း အတွင်းရေးမှူး ဒေါ်ခင်ချို သီတဂူ(ကျောက်ဆည်) က စကားလုံးများမှာ ကြင်နာမှု ပါလျှင် ယုံကြည်မှုရစေကြောင်း၊ အတွေးများတွင် ကြင်နာမှု ပါလျှင် လေးနက်သိမ်မွေ့မှုဖြစ် စေကြောင်း၊ ပေးဆပ်ရာတွင် ကြင်နာမှုပါလျှင် ချစ်ခြင်းမေတ္တာ ကို ရရှိစေကြောင်း ဆွေးနွေး ပြောကြားခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၄၈၅)**

*-*-*-*-*



**ကျွန်ုပ်တို့အနာဂတ် သာယာလှပဖို့ အမှိုက်စနစ်တကျ စွန့်ပစ်စို့။**



## လူငယ်စကားဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူ လူငယ်များ ဗဟုသုတနှင့်ပြည့်စုံစေရန်၊ စာပေဗဟုသုတများ တိုးပွားစေရန်၊ ပရိသတ်ရှေ့တွင် ပြောရဲဆိုရဲသည့်သတ္တိများ ရှိလာစေရန်၊ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းများ ကျင်းပပေးလျက်ရှိရာ ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက ကျောက်ဆည်မြို့ မင်းစုအခြေခံပညာအထက်တန်းကျောင်း၊ သံလွင်ခန်းမတွင် လူငယ်စကားဝိုင်းနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ မင်းစုအခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးကိုယ်စား အထက်တန်းပြ ဆရာမ ဒေါ်စုဝါဌေးက ဘက်စုံပညာရေးစနစ်အကြောင်းကို ပြောကြားသည်။ ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အနာဂတ် မျိုးဆက်သစ်ကျောင်းသားလူငယ်များ ဘက်ပေါင်းစုံ ထူးချွန်ထက်မြက်စေရန် လူငယ်စကားဝိုင်းများ ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိက ဦးဆောင်ပြီး လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပခဲ့ရာ မင်းစု အခြေခံပညာအထက်တန်းကျောင်း Grade-8 ကျောင်းသား၊ ကျောင်းသူများဖြစ်သည့် မောင်မြတ်မင်းပိုင်က လူငယ်နှင့် နည်းပညာ၊ မအိရှင်းသန့်အောင်က လူငယ်နှင့်အင်တာနက်၊ မပြည့်သော်တာအောင်က လူငယ်နှင့် မူးယစ်ဆေး၊ မစမ်းဝတီက လူငယ်နှင့် ကျန်းမာရေး၊ မတွယ်တာဦးက လူငယ်နှင့် စာပေ စသည့်ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးခဲ့ပြီး လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် လူငယ်စကားဝိုင်းသို့ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ကလေးအလုပ်သမားပပျောက်ရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**သရက် ဩဂုတ် ၁၆**



မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သရက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တွေ့ဆုံပွဲကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**

အစည်းအဝေးတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် ကာလတို၊ ကာလလတ်၊ ကာလရှည်စီမံကိန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဝတ်ရည်ဦးက ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကျန်ဌာနဆိုင်ရာ တာဝန်ရှိသူများမှလည်း အသီးသီး ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တင်ပြချက်များနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများက ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဦးကျော်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်း၊ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တခရိုင်ဦးစီးမှူး ဒေါ်ငုဝါထွေး၊ သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဆက်လူ**

## ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်



**သရက် ဩဂုတ် ၁၆**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးလှုပ်ရှားမှုများ ဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ခွဲ)တွင် ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သားဖွားဆရာမ ဒေါ်ဌေးဌေးဝင်းက စနစ်တကျသွားတိုက်နည်းအကြောင်းနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး၊ ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းပေးမှုအကြောင်းတို့ကို ဆွေးနွေးပြောကြားပေးခဲ့ပြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲဦးဖိုလ်က အစားအသောက်ဘေးအန္တရာယ်ဆိုင်ရာ ကင်းရှင်းရေးအကြောင်း ဟောပြောပေးခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများကို ကိုယ်အလေးချိန် တိုင်းတာခြင်း၊ အရေပြား၊ သွားနှင့်ခံတွင်း၊ မျက်စိ၊ နား၊ လည်ပင်း စသည့် ကျန်းမာရေးစောင့်ရှောက်မှုများ စစ်ဆေးဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးကုသမှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) ဇော်ထက်(သရက်)**

## လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**ဥတ္တရသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ဩဂုတ် ၁၃ ရက် နံနက်ပိုင်းက မောင်းရမ်းကျေးရွာအုပ်စု၊ ဘုရားကုန်းကျေးရွာ ကွင်းအမှတ် (၁၈၈၅)၊ တောင်သူ ဦးနောက်တိုး၏ စိုက်ဧက ၁၅ ဧကတွင် ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်နှင့် ကွင်းတာဝန်ခံဝန်ထမ်းများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က တောင်သူများအနေဖြင့် မျိုး၊ မြေ၊ ရေ နည်းလမ်းများနှင့်အညီ စနစ်တကျစိုက်ပျိုးရေး၊ မိုး၊ ဆောင်း၊ နွေရာသီပြည့်သီးနှံများ စိုက်ပျိုးနိုင်ရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ သဘာဝမြေဩဇာကို တောင်သူများ ကိုယ်တိုင်ပြုလုပ်သုံးစွဲစေရေး၊ တစ်နှစ် သုံးသီးစိုက်ပျိုးနိုင်ရေးနှင့် သီးထပ်စွမ်းအားမြှင့်တင်နိုင်ရေး၊ ပေါ်ဆန်းမွှေးနှင့် အောင်နိုင်တိုးစပါးများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ကြဲပက်စနစ် ပပျောက်အောင် မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်များဖြင့် စိုက်ပျိုးနိုင်ရေးတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(အောက်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



သန့်ရှင်းစိမ်းလန်းသော
အနာဂတ်ဖြစ်စေဖို့
စွန့်ပစ်ပစ္စည်းများကို
ပြန်လည်ပြုပြင်သုံးစွဲဖို့ ။

## ကြက်ခြေနီအသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲပြုလုပ်

**မန္တလေး ဩဂုတ် ၁၆**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာန၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းနှင့် ဂျာမနီနိုင်ငံ ကြက်ခြေနီအသင်းတို့ ပူးပေါင်းဆောင်ရွက်သော ကြက်ခြေနီ အသိပညာပြန့်ပွားရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက မန္တလေးမြို့ရှိ Win Unity Hotel တွင် ပြုလုပ်ခဲ့သည်။

ဖွင့်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်က အမှာစကားပြောကြားခဲ့ပြီး လူမှုကရုဏာလုပ်ငန်းဆိုင်ရာ ပြန်ကြားဆက်သွယ်ရေးဌာန ညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ကျော်စိုးက နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။

ဩဂုတ် ၁၅ ရက်မှ ၁၇ ရက်အထိ ပြုလုပ်လျက်ရှိသော အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ကြီးတံခွန်၊ အမရပူရ၊ အောင်မြေသာစံ၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပုသိမ်ကြီး မြို့နယ်များရှိ ကြက်ခြေနီအသင်းခွဲများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ကြက်ခြေနီအသင်းခွဲတို့မှ ကြက်ခြေနီစေတနာလုပ်အားရှင်များ စုစုပေါင်း ၃၀ ဦး တက်ရောက်ကြသည်။

ကြက်ခြေနီလှုပ်ရှားမှု၏ တန်ဖိုးများ၊ ကြက်ခြေနီအခြေခံမူများ၊ ဆောင်ရွက်ချက်များနှင့် လုပ်ငန်းတာဝန်များ၊ ကြက်ခြေနီလှုပ်ရှားမှု အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း သိရှိနားလည်နိုင်စေရန် ရည်ရွယ်ကာ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။

**(အောက်ပုံ)**

**(၀၇၀)**



# သန့်စင်စွမ်းအင်ရရှိရေးနှင့်အသေးစားဆိုလာကွန်ရက်များ

နော်ယဉ်ကျေး

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ရန် အလျင်အမြန်လုပ်ဆောင်နေကြချိန်တွင် ကမ္ဘာ့နိုင်ငံများသည် ပြန်လည် ပြည့်ဖြိုးမြဲစွမ်းအင် ကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံလာကြပါသည်။ အဆိုပါ နိုင်ငံများထဲတွင် တရုတ်နိုင်ငံသည် နေရောင်ခြည်စွမ်းအင် (Solar)၊ လေစွမ်းအင်(Wind)နှင့် ရေအား လျှပ်စစ်(Hydro) ထုတ်လုပ်မှုများတွင် ကမ္ဘာ့ဦးဆောင်နိုင်ငံဖြစ်လာလျက်ရှိသည်။ အထူးသဖြင့် နေရောင်ခြည်နှင့် လေအားစွမ်းအင် တပ်ဆင်မှုပမာဏသည် နှစ်စဉ် အဆမတန် တိုးတက်လာနေပြီး ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍကို ဦးဆောင်နေခြင်းပင် ဖြစ်ပါသည်။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာ့အကြီးဆုံး ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စနစ်ကို တည်ဆောက်ထားနိုင်ပြီး နိုင်ငံတစ်ဝန်း အစိမ်းရောင်အသွင် ကူးပြောင်းမှုအား အရှိန်မြှင့်တင်ရန် ကတိပြုထားကြောင်းကိုလည်း သိရှိရပါသည်။တရုတ်နိုင်ငံ၏ နေရောင်ခြည်စွမ်းအင်ကဏ္ဍအနေဖြင့် ၂၀၂၅ ခုနှစ်တွင် တည်ငြိမ်စွာဖြင့် တိုးချဲ့လာနိုင်ပြီး နိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှုပမာဏ တိုးတက်မှုတွင် သိသိသာသာပါဝင်ခဲ့ကြောင်း တရုတ်နိုင်ငံအမျိုးသား စွမ်းအင်စီမံခန့်ခွဲရေးဌာန (NEA)မှ ထုတ်ပြန်ခဲ့သော အချက်အလက်များ အရလည်း သိရှိရပါသည်။

၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းအထိ တရုတ်နိုင်ငံ၏ စုစုပေါင်းတပ်ဆင်စွမ်းအင်များ၏ ဓာတ်အားထုတ်လုပ်နိုင်သော ပမာဏအနေဖြင့် ကီလိုဝပ် ၃ ဒသမ ၈၉ ဘီလီယံအထိရှိခဲ့ပြီး ၂၀၂၄ ခုနှစ်ကထက် ၁၆ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်ဟု ဆိုပါသည်။ တရုတ်နိုင်ငံ၏ စွမ်းအင်မျိုးစုံအနက် နေရောင်ခြည်စွမ်းအင်သည် ထင်ရှားသည့် စွမ်းဆောင်ရည်ရှိပြီး တပ်ဆင်ထားသော နေရောင်ခြည် စွမ်းအင်ဓာတ်အား ထုတ်လုပ်နိုင်စွမ်းအနေဖြင့် ၃၅ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်လာကာ ကီလိုဝပ် ၁ ဒသမ ၂ ဘီလီယံအထိ ရှိလာခဲ့ပါသည်။ အလားတူ လေစွမ်းအင်ကလည်း တည်ငြိမ်စွာ ဆက်လက်တိုးချဲ့လာခဲ့ပြီး တပ်ဆင်ထားသော လေစွမ်းအင်ဓာတ်အားထုတ်လုပ်နိုင်စွမ်းအနေဖြင့် ကီလိုဝပ်သန်း ၆၄၀ အထိ ရှိခဲ့ကာ ၂၀၂၄ ခုနှစ်ကထက် ၂၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်ဟု ဆိုပါသည်။တရုတ်နိုင်ငံ၏ လေစွမ်းအင်ဖြင့် တပ်ဆင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ ၁၅ နှစ် ဆက်တိုက် ကမ္ဘာ့နံပါတ်တစ်အဖြစ် ရပ်တည်နိုင်ခဲ့ရာ တရုတ်နိုင်ငံအနေဖြင့် ပိုမိုသန့်ရှင်း၍ ပိုမိုရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစံနမူနာအဖြစ် အသွင်ကူးပြောင်းရာတွင် လေစွမ်းအင်သည်လည်း အခြေခံအုတ်မြစ် ဖြစ်လာခဲ့ပါသည်။

ယခုအခါ မြန်မာနိုင်ငံအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများစွာကို အကောင်အထည်ဖော်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့နယ်ရှိ မင်းဘူးနေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မြန်မာနိုင်ငံ၏ပထမဆုံး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းဖြစ်ပြီး စီမံကိန်း၏ပထမအဆင့်ကို ၂၀၁၈ခုနှစ်၊ ဇွန်လတွင် စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ အဆိုပါ ဓာတ်အားပေးစက်ရုံမှ ပထမအဆင့် ၄၀ မဂ္ဂါဝပ် ဓာတ်အားထုတ်လုပ်နေပြီဖြစ်ပြီး ဒုတိယအဆင့် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်ရေး စီမံကိန်းလုပ်ငန်းများကို ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ အတွင်းက The Global New Light of Myanmar သတင်းစာတစ်စောင်တွင် ဖော်ပြခဲ့သည့် အချက်အလက်များအရ မြန်မာနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်း ၁၁ခု အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။တည်ဆောက်ဆဲ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းများအနေဖြင့် နေပြည်တော်ပြည်ထောင်စုနယ်မြေတွင် လေးခု၊ မန္တလေးတိုင်းဒေသကြီးတွင် သုံးခု၊ ပဲခူးတိုင်းဒေသကြီးတွင် တစ်ခု၊ ရှမ်းပြည်နယ်တွင် တစ်ခု စုစုပေါင်း တပ်ဆင်အင်အား ၅၃၀ မဂ္ဂါဝပ် ရှိကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ၂၀၂၅ ခုနှစ် အတွင်း သတင်းထုတ်ပြန်ချက်များအရ



နေရောင်ခြည် စွမ်းအင်သုံး စီမံကိန်းလေးခု၊ စုစုပေါင်း ၁၉၀ မဂ္ဂါဝပ် တည် ဆောက်နိုင်ရေးနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာနနှင့် တရုတ်နိုင်ငံ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီတို့အကြား နားလည်မှု စာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်းကိုလည်း သိရှိရပါသည်။

အဆိုပါစီမံကိန်းများကို တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာတစ်ဘီလီယံဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ နေပြည်တော်နှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ လက်ရှိအားဖြင့်လည်း ပြည်တွင်းရှိ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စီမံကိန်းအချို့မှ နေ၍ အမျိုးသားဓာတ်အားကွန်ရက် (National Grid)သို့ ဓာတ်အားပို့လွှတ်မှုများရှိနေပြီဖြစ်ကြောင်းကိုလည်း သိရှိရပါသည်။၂၀၂၆ ခုနှစ် ဧပြီလအတွင်းကလည်း သာစည်မြို့နယ်ရှိ Leader Power Co., Ltd မှ တည်ဆောက်သောသာစည် ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် မိတ္ထီလာမြို့နယ်ရှိ Hanzar Solar Energy Co.,Ltd မှတည်ဆောက်သော သပြေ ၄၀ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ ဖွင့်လှစ်နိုင်ခဲ့ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

အဆိုပါစီမံကိန်းနှစ်ခုသည် တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၂၀၂ သန်း ထုတ်လုပ်ပေးနိုင်မည်ဖြစ်ပြီး အိမ်ထောင်စုပေါင်း ၁၃၀၀၀၀ ခန့်ကို ဓာတ်အားဖြန့်ဖြူးပေးနိုင်မည်ဖြစ်သလို မကြာမီတွင်လည်း ဆောင်ရွက်ဆဲ ၂၁၀ မဂ္ဂါဝပ်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ရုံလည်း ထပ်မံပြီးမြောက်တော့မည်ဖြစ်ကြောင်းကိုလည်း ဖော်ပြထားပါသည်။ ၂၀၂၅ ခုနှစ် စက်တင်ဘာလ မတိုင်မီကာလအထိ မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ရေအားလျှပ်စစ် ၅၁ ရာခိုင်နှုန်း၊ နေရောင်ခြည်စွမ်းအင် ၄ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့ ၄၀ ရာခိုင်နှုန်း၊ ကျောက်မီးသွေး ၂ ရာခိုင်နှုန်းနှင့် ဒီဇယ် ၃ ရာခိုင်နှုန်း စသည့် အချိုးအစားများဖြင့် စုစုပေါင်း ၆,၃၅၇ မဂ္ဂါဝပ်အထိ ရှိကြောင်း သတင်းထုတ်ပြန်ချက်များအရ သိရှိရပြီး အဆိုပါပမာဏသည် လက်ရှိပြည်တွင်း၌ အမှန်တကယ် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို ပြည့်မီနိုင်ခြင်းမရှိသေးသည့်သဘောကို တွေ့ရှိနေပါသည်။ထို့ကြောင့် ပြည်တွင်း၌လိုအပ်နေသည့် လျှပ်စစ်စွမ်းအားကို ပြည့်မီစွာရရှိနိုင်ရေးဆောင်ရွက်ရာတွင် ပြန်ပြည့်မြဲစွမ်းအင်းဖြစ်သော နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစီမံကိန်းများသည် လက်ရှိ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာမူဝါဒများနှင့်အညီ ဖြစ်၍ လျှပ်စစ်ရရှိရေး၏ အဓိက အားကိုးဖွယ်ရာ ဖြစ်လာနေပါသည်။ နေရောင်ခြည်သည် သဘာဝက ပေးထားသည့် ကုန်ဆုံးသွားခြင်းမရှိသော အရင်းအမြစ်ဖြစ်ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစနစ် (Solar Power System) သည် ရေရှည်တည်တံ့ပြီး အနာဂတ်အတွက် အကောင်းဆုံးသော စွမ်းအင် အရင်းအမြစ်တစ်ခုဖြစ်ပါသည်။လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင် ဖန်လုံအိမ်ဓာတ်ငွေ့(သို့မဟုတ်) လေထုညစ်ညမ်းစေသည့် အဆိပ်ငွေ့များ ထုတ်လွှတ်ခြင်းမရှိသောကြောင့် ရာသီဥတုပြောင်းလဲမှုကို ထိရောက်စွာ တိုက်ဖျက်နိုင်ပြီး ကမ္ဘာကြီးပူနွေးလာမှုကို လျှော့ချပေးနိုင်တဲ့ အားသာချက်များလည်း ရှိနေပါသည်။ ထို့အပြင် ဆိုလာစနစ်များသည် တပ်ဆင်ပြီးပါက ရေရှည်ပြုပြင်ထိန်းသိမ်းခ အလွန်သက်သာသလို လစဉ် လျှပ်စစ်ဓာတ်အားခကုန်ကျစရိတ်ကို သိသိသာသာ သက်သာစေပါသည်။ ဝေးလံခေါင်သီပြီး အမျိုးသားဓာတ်အားကွန်ရက် ( National Grid) မရောက်ရှိသေးသည့်ဒေသများမှာပင် အလွယ်တကူ တပ်ဆင်အသုံးပြုနိုင်ခြင်းကြောင့် ဒေသခံများ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်ပါသည်။ကျေးလက်ဒေသ မီးလင်းရေးအတွက် အဓိ ကအားဖြင့် နိုင်ငံတော်၏ ပင်မဓာတ်အားလိုင်း (National Grid)တိုးချဲ့ခြင်းနှင့် မဟာဓာတ်အားလိုင်းမရောက်ရှိသေးသော ဝေးလံခေါင်ဖျားဒေသများ အတွက် အသေးစားဓာတ်အားပေးစနစ်များ (Off-grid systems)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**၁။ နိုင်ငံတော်၏ ပင်မဓာတ်အားလိုင်းစနစ်**

(Nationalနှင့် Grid)

မြို့ကြီးများနှင့် နီးစပ်သောကျေးရွာများတွင် မဟာဓာတ်အားလိုင်းမှ တိုက်ရိုက်သွယ်တန်း၍ လျှပ်စစ်မီးပေးဝေခြင်းဖြစ် သည်။ ဤစနစ်သည် ရေရှည်အတွက် ဓာတ်အားခသက်သာပြီး တည်ငြိမ်မှုအရှိဆုံးဖြစ်သည်။

**၂။ မဟာဓာတ်အားလိုင်းပြင်ပစနစ်**

(Off-Grid System)

ပင်မလိုင်းများနှင့်အလှမ်းဝေးသော ကျေးလက်ဒေသများအတွက် အစိုးရ(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)၊ ကမ္ဘာ့ဘဏ်၊ ဂျပန်နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီ (JICA) အစရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုပူးပေါင်း၍ အောက်ပါစနစ်များကို အသုံးပြု ဆောင်ရွက်ပေးလျက်ရှိသည်-

**(၁)အိမ်သုံးဆိုလာစနစ် (Home Solar System)**

အိမ်ထောင်စုများအတွက် သီးသန့်ဆိုလာပြားနှင့် ဘက်ထရီတပ်ဆင်ပေးခြင်း။

**(၂)အများသုံးဆိုလာစနစ်(Community Solar)**

ကျေးရွာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ ဘာသာရေးကျောင်းနှင့် လမ်းမီးများအတွက် အထူးရည်ရွယ်တပ်ဆင်ပေးခြင်း။

**(၃)အသေးစားဓာတ်အားစနစ်များ**

ဆိုလာ၊ ရေအား(သို့မဟုတ်)ဇီဝလောင်စာ (စပါးခွံ)တို့ကိုအသုံးပြု၍ ရွာလုံးကျွတ်(သို့မဟုတ်) ဒေသအလိုက် ဓာတ်အားဖြန့်ဖြူးပေးခြင်း။

**၃။ ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေး အစီအစဉ်**

နိုင်ငံတော်မှ မတည်ရင်းနှီးငွေ(သို့မဟုတ်) ချေးငွေများဖြင့် ကူညီထောက်ပံ့ပေးခြင်း၊ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ရန်ပုံငွေထည့်ဝင်ခြင်းတို့ပူးပေါင်း၍ ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းကာ ဆောင်ရွက်ခြင်းဖြစ်သည်။လျှပ်စစ်မီး ရရှိရေးအတွက် မိမိတို့ဒေသ၏အနေအထား၊ ပင်မလိုင်းနှင့် အကွာအဝေး၊ ကုန်ကျစရိတ်များကို မူတည်၍ သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသည့် ဌာနဆိုင်ရာများနှင့်ဆက်သွယ်၍ တိုင်ပင်ဆွေးနွေး၍ အကူအညီ ရယူဆောင်ရွက်နိုင်ကြပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် ရာသီဥတုပြောင်းလဲမှုဒဏ်ကိုခံစားနေရပြီး လျှပ်စစ်ဓာတ်အား လိုအပ်ချက်မြင့်မားနေသော မြန်မာနိုင်ငံအတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစီမံကိန်းများသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သည့် ပိုမိုတိုးချဲ့ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားရ မည်သာဖြစ်ပါကြောင်း တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။



## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ဥတ္တရသီရိ ဩဂုတ် ၁၆**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက ဥတ္တရသီရိမြို့နယ်၊ ငန်းစပ်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဥတ္တရခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ပုံပုံဇော်က "ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဘာဝဘေးအန္တရာယ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒုတိယဦးစီးမှူး ဒေါ်အေးပပဖြိုးက "စွန့်ပစ်ပစ္စည်းများ စနစ်တကျစီမံခန့်ခွဲခြင်း" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၈၀ ဦးအား အသိပညာပေးဟောပြော၍ ဉာဏ်စမ်းမေးခွန်းများ အပြန်အလှန်မေးမြန်းဆွေးနွေးကာ ပြန်လည်ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ခဲ့ပြီး ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) မြို့နယ်(ပြန်/ဆက်)**

## ကျန်းမာရေးအသိပညာပေး ဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်

**ကျောက်ဆည် ဩဂုတ် ၁၆**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးဇော်လင်းထင်နှင့်ဝန်ထမ်းများက ယမန်နေ့က ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ရေဘေးကယ်ဆယ်ရေးစခန်းသို့ ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်ပေးခဲ့သည်။

ကျန်းမာရေးအသိပညာပေး ဟောပြောပွဲတွင် ခရိုင်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူးက ကူးစက်ရောဂါများ ဖြစ်ပွားရခြင်းအကြောင်းနှင့် ကြိုတင်ကာကွယ်ခြင်းလုပ်ငန်းများ၊ တစ်ကိုယ်ရေသန့်ရှင်းစွာ နေထိုင်ခြင်းအကြောင်းများ အသိပညာပေးဟောပြောခဲ့ပြီး အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၅၀ဦး၊ ကလေးငယ်တစ်ဦး၊ စုစုပေါင်း ၆၇ ဦးတို့အား တိုင်းရင်းဆေးပညာဖြင့် အခမဲ့ဆေးစစ်ခြင်းနှင့် ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

(၄၈၅)




ဖတ်စရာ၊ မှတ်စရာ စုံလင် ကြေးမုံ

## ကြိုးစားကြစေ လူငယ်တွေ

* ရည်ရွယ်ရာ ဘဝအတွက်
ရှေ့ဆက်လို့ ပြင်ဆင်ကွယ်။
* လမ်းမှန်ကို စနစ်တကျ
သုံးကြဖို့ရယ်။
* ယုံကြည်ချက်ခိုင်မာစေ
ရလဒ်တွေ ပိုတိုးတက်။
* အောင်မြင်ရာ ဘဝတစ်ခု
အစဉ်ပြုလျက်။
* နည်းလမ်းမှန်ရာကြံတွေး
အရည်အသွေးပြည့်ဖို့လေ။
* တို့တစ်တွေအားလုံး
ကြိုးစားလို့နေ။
* မှားနေက ပြုပြင်မယ်
နောင်အခါဝယ် အမှန်တွေး။
* သင့်စိတ်မှာ အမှောင်မဖုံး
ရွှင်ပြုံးကြည်မွေ့။
* ကြံဆလို့ အနိုင်ယူ
အောင်မြင်သူဖြစ်ဖို့အရေး။
* အသိပညာရာဖွေစု
ပြုကျင့်မနေး။ ။

**မောင်မောင်လင်းထွဋ်(နန်းတော်ရှေ့)**


## စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲ ကျင်းပပြုလုပ်

**မိုင်းစံ ဩဂုတ် ၁၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများတိုးပွားလာစေရန်၊ လူငယ်လူရွယ်များ ထိုးထွင်းကြံဆမှု တိုးတက်လာစေရန်နှင့် မြန်မာသတ်ပုံမှန်များကို သိရှိနားလည်ကာ အဓိပ္ပာယ်ကို လက်တွေ့နားလည် အသုံးချတတ်စေရန် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၁ နာရီက မိုင်းစံမြို့လူထုအခြေပြုဗဟိုဌာန၌ စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါ စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲကို မိုင်းစံမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိဇာချိုက စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား ဦးနှောက်ဉာဏ်ရည် ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသား ကျောင်းသား၊ ကျောင်းသူများအား မြန်မာစကား၏ အဓိပ္ပာယ်ကို နားလည်သဘောပေါက် ချစ်မြတ်နိုးလာစေရေးအတွက် မြန်မာစာသတ်ပုံ၏အစကို ဖော်ပြထားလျက် စာလုံးတစ်လုံး၏သတ်ပုံမှန်ကို မိမိဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာဗဟုသုတများပေါင်းစပ်၍ ဖြေဆိုရပြီး စာလုံးပေါင်းသတ်ပုံမှန်ကို မှန်ကန်စွာ ဖြေဆိုနိုင်သည့် ကျောင်းသား၊ ကျောင်းသူများက စကားလုံးများ၏အဓိပ္ပာယ်နှင့် အသုံးပြုပုံတို့ကို ပြန်လည်ရှင်းပြ ဖြေကြားခဲ့သည်။ ထို့နောက် စာလုံးပေါင်းသတ်ပုံမှန်ရွေးပြိုင်ပွဲတွင် အမှတ်အများဆုံးဖြေဆိုနိုင်သော ဆုရကျောင်းသား၊ ကျောင်းသူများကိုလည်း မြို့ဦးစီးမှူးက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀




## ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**ပျော်ဘွယ် ဩဂုတ် ၁၆**

ပျော်ဘွယ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ စာကြည့်တိုက်ကို ကောင်းစွာအသုံးချတတ်မှုတိုးတက်လာစေရန်၊ စာပေဖတ်ရှုလေ့လာမှုမြင့်မားလာစေရန်ရည်ရွယ်၍ ပုံပြင်ပြောနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပပေးခြင်းကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက သူဌေးကုန်းကျေးရွာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဦးစီးမှူး ဒေါ်စန်းစန်းကြူက ကျောင်းသား၊ ကျောင်းသူများအတွက် ပုံပြင်ပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် စကားပြောစွမ်းရည်တိုးတက်လာစေမည့်အကြောင်းအရာများ၊ မြို့နယ်အဆင့်ပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်နိုင်သည့် အလေ့အကျင့်ကောင်းများရရှိစေရေးတို့ကို ရှင်းလင်းဆွေးနွေးပြီး ပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။



အဆိုပါပြိုင်ပွဲသို့ ပုံပြင်ပြောပြိုင်ပွဲတွင် G-4 မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး၊ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် G-3 မှ ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ဓာတ်ပုံ)

**မင်းမင်းထွေး(ပျော်ဘွယ်)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(၉)၊ ဦးပိုင်အမှတ်(၃၇+၃၈+၄၃+၄၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကအကျယ်အဝန်းစီရှိ မြေကွက်များအတွင်းမှ ဦးပိုင်(၄၄)၏ အရှေ့ဘက်ခြမ်း ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဇော်ထွန်း (ဘ) ဦးညဏ်သိန်း (၅/စကန(နိုင်)၁၉၄၃၀၈)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာအုပ်စု၊ အကွင်းအမှတ်(၅၀၇)၊ ဦးပိုင်အမှတ်(၁၈၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးချစ်ကိုကို (ဘ)ဦးအုန်း(၉/မရမ(နိုင်)၀၄၈၉၈၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီး ဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးလှဘုန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဦးဝင်းမောင် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇-လမ်း၊ ၃၁-အေလမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(သ-၁၄)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးလေးစိန် အမည်ပေါက်ဂရန်မြေကွက်၏ တောင်ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးကျော်ထွန်းဦး (ဘ)ဦးပေါ်လာ(၉/ကဆန(နိုင်)၀၀၁၇၈၀) [၎င်း၏ကိုယ်စား ဒေါ်သူဇာဖြူ (ဘ)ဦးခင်မောင်ဘို(၅/ရဘန(နိုင်)၀၀၀၈၀၃)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B,LL.M) | ဒေါ်အိအိမွန် (LL.B,LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဦးဖြိုးသာစန့် (LL.B) | ဦးစည်သူအောင် (LL.B) | ဒေါ်သဲမို့မို့ထွန်း (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဓ-၁)၊ ဦးပိုင်အမှတ်(၂၁)၊ ဧရိယာ(၀ ဒသမ ၀၆၀၆)အကျယ်အဝန်းရှိ ဒေါ်ခင်ဦး အမည်ပေါက်ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်သော RC(၆)ထပ်တိုက်မှ (၁-၂-၂၀၂၆)ရက်စွဲပါ မိသားစုစီမံမှုဖြင့် ရရှိထားသော ဒုတိယထပ်တိုက်ခန်းဖြစ်ပြီး တိုက်ခန်းတကွနှင့် ယင်းတိုက်ခန်းတွင် သွယ်တန်းတပ်ဆင်ထားသော (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ဆိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သီတာ (ဘ)ဦးငွေ(၅/ရဘန(နိုင်)၁၂၃၁၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်မူရင်းများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများဖြင့် သက်ဆိုင်ရာဌာနသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**
**ဒေါ်ဝေဝေအောင် (LL.B) (တရားလွှတ်တော်ရှေ့နေ)**
**(ဖဖ-၃)၊ ထွန်းတုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့ ။**
**ဖုန်း ၀၉-၇၇၂၃၄၅၉၉၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဗဗ-၈)၊ ဦးပိုင်နံပါတ်(၁၇၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ ဦးစံရနှင့် ဒေါ်ခင်မြဝင်းတို့ အမည်ဖြင့် ပူးတွဲမြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အနောက်ဘက်ခြမ်း (၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်စုမွန်ထိုက် (ဘ)ဦးလှဝင်း (၉/မမန(နိုင်)၀၈၇၉၈၄)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B,LL.M) | ဒေါ်အိအိမွန် (LL.B,LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဓ)ရပ်ကွက်၊ အကွက်အမှတ်(နန-၅၁)၊ ဦးပိုင်အမှတ်(၂၄)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ထဲမှ တောင်ဘက်ခြမ်းဧရိယာ (၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူလက်ရောက်ရရှိထားပြီး ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့် ဦးသိန်းတန် (ဘ)ဦးမှုံကြီး (၈/ခမန(နိုင်)၀၅၆၁၀၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်လိုသူများ မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇေလင်းမောင် (LL.B)**
**(တရားလွှတ်တော်ရှေ့နေ)**
**၁၁၇လမ်းနှင့်၁၁၈လမ်းကြား၊ ၅၁လမ်းနှင့်၅၂လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၉၆၁၈၂၊ ၀၉-၉၅၁၀၃၂၉၆၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၁၃)၊ ဦးပိုင်အမှတ်(၂၇)၊ ဧရိယာ (၀ ဒသမ ၀၅၅၁) ဧက အကျယ်အဝန်းရှိ မန္တလေးမြို့တိုးချဲ့မြို့ကွက်သစ်ဖော်ထုတ်ရေးအဖွဲ့မှ တပ်သား မြင့်ဝင်း အမည်ဖြင့်ချထားပေးသော မြေကွက်အတွင်းမှ အနောက်ဘက်ခြမ်း ဧရိယာ ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်အစိတ်အပိုင်းနှင့် ယင်းမြေကွက်အစိတ်အပိုင်းပေါ်ရှိ အဆောက်အဦး၊ မီးမီတာ(ဆက်လက်သုံးစွဲခွင့်) အပါအဝင် ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်၊ အခွင့်အရေးအရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိလက်ရောက် လွှဲပြောင်းရောင်းချပိုင်ခွင့် အပြည့်အဝရှိသူဟု အဆိုပြုသူ ဒေါ်ပိုပိုသန်း (ဘ)ဦးချစ်ပို(၉/မခန(နိုင်)၀၁၁၅၅၆)ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန် မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးလှနွယ် (LL.B)**
**DL(101),IP Law(Geneva,Swilzerland)**
**တရားလွှတ်တော်ရှေ့နေ**

| ဒေါ်နှင်းနှင်းယု (LL.B) | ဦးစိုးသက်ပိုင် (LL.B) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |

**အိမ်အမှတ်(၂/၄)၊ ၆၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ရေနီမြောင်းတောင်ဘက်၊ စိဗ္ဗိလိုင်းရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၄၃၈၆၆၊ ၀၉-၉၆၂၀၄၃၈၆၆၊ ၀၉-၇၇၂၀၄၃၈၆၆**

**မီး**
**သတိပြု။**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၅)ရပ်ကွက်၊ အကွက်အမှတ်(က-၂)၊ ဦးပိုင်နံပါတ်(၅၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ ပေ(၄၀×၆၀)အကျယ်အဝန်းရှိ ဦးစိုးမြင့် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ မြောက်ဘက်ခြမ်း ပေ(၂၀×၆၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးဟူကျန်ဟိုက် (ဘ)ဦးဟူကောင်းယုန်(၁၃/မဆတ(နိုင်)၀၄၆၅၆၉)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

| ဦးတင်အောင်မိုး (LL.B,LL.M) | ဒေါ်အိအိမွန် (LL.B,LL.M) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |

| ဒေါ်ယုသစ်အောင် (LL.M) | ဒေါ်အေးနန္ဒာထွန်း (LL.B) | ဒေါ်မာလာစိုး (LL.B) | ဒေါ်ဖူးသန့်မွန် (LL.B) |
|---|---|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။ | ❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။ | ❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၆

တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက စုပေါင်းပါဝင်လှူဒါန်းသည့် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်း နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်၌ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ဆရာတော်သံဃာတော်များကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။



### ငါးပါးသီလ ခံယူဆောက်တည်

ဦးစွာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်အရှင်သူမြတ်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာကြားကြသည်။

ဆက်လက်၍ စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်း၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးသိန်းထူး၊ ဒုတိယစစ်ဦးစီးအရာရှိချုပ်(လေ)ဗိုလ်ချုပ်မျိုးအောင်လတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးများအား လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော်နှင့် ဆရာတော် သံဃာတော်များထံ စစ်ရေးချုပ်က ဦးဆောင်၍ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိကြီးများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် လယ်ဝေးမြို့ မြို့ဦးတိုက်သစ် သံလမ်းပရိယတ္တိစာသင်တိုက်၊ ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုဇနထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိပြီး ယနေ့ လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း၁၇ကျောင်း၊ သီလရှင်ကျောင်း ငါးကျောင်းနှင့် ကရုဏာကမ္မာဘိုးဘွားရိပ်သာတို့အတွက် အလှူငွေကျပ် ၂၈၂ သိန်း ၃ သောင်း ၇ ထောင်ကျပ်၊ ဆန် ၇၀၇ အိတ်၊ ဆီ ၂၁၀ ပိဿာ ၃၀ ကျပ်သား၊ နိုင်ငံခြားဆေးမျိုးစုံ နှစ်ခြင်း၊ ဘားမားကော်ဖီ ငါးဖာ၊ Shark အချိုရည် တစ်ဖာတို့အား လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဩဂုတ် ၁၆

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စံပယ်ပန်းကုံးများ၊ အောင်သပြေခက်များဖြင့်လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့ပြင် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ကွန်မြူနတီဒိုင်း ချန်ပီယံဆုကို အာဆင်နယ်အသင်း ဆွတ်ခူး

လန်ဒန် ဩဂုတ် ၁၆

၂၀၂၆ ကွန်မြူနတီဒိုင်း ဗိုလ်လုပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ည ၈နာရီခွဲက ကာဒစ်ဖ်မြို့ ပရင်စီပယ်လီတီအားကစားကွင်း၌ အာဆင်နယ်အသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အာဆင်နယ်အသင်းက မန်စီးတီးအသင်းကို သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုကို ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုး သုံးဂိုးကို ပွဲချိန် ၁မိနစ်တွင် ကာလာဖီအိုရီ၊ ပွဲချိန် ၂၈မိနစ်တွင် ဟာဗက်ဇ်၊ ပွဲချိန် ၄၈မိနစ်တွင် အော်ဒီဂတ်စ်တို့က အသီးသီး သွင်းယူပေးခဲ့ကြသည်။

အာဆင်နယ်အသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင် ကွန်မြူနတီဒိုင်း ချန်ပီယံဆုကို (၁၈)ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည်။

အာဆင်နယ်အသင်းထုတ်ပြန်ချက်တွင် "ကွန်မြူနတီဒိုင်း ချန်ပီယံဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအခုလို ချန်ပီယံဆု ရရှိအောင် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်" ဟု ထုတ်ပြန်သည်။ **(NGB)**




ယနေ့ ဖတ်စရာအညွှန်း

အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း(မန္တလေး) တည်ဆောက်ဖွင့်လှစ်မည် စာမျက်နှာ ၄

သန့်စင်စွမ်းအင်ရရှိရေးနှင့် အသေးစားဆိုလာကွန်ရက်များ(ဆောင်းပါး) စာမျက်နှာ ၁၄

ယနေ့ထုတ် မန္တလေးနေ့စဉ်သတင်းစာတွင် ကြော်ငြာအထူးကဏ္ဍ အချပ်ပို(၄)မျက်နှာပါရှိသည်။

